# ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ သောကြာနေ့၊ (18-2-2005)(၄၅၁၃)


## ဒီမိုကရေစီအခွန့်ရှည်ကြာ တည်တံ့ရေး

ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ရေကန်ကြီးဟာ ကန်ပေါင်တည်တံ့မှ ရေရှိပြီး ကြာပွင့်နိုင်မှာဖြစ်သလို ဒို့တာဝန်အရေးသုံးပါး ပြည့်စုံမှသာလျှင် ဒီမိုကရေစီရေးဟာလည်း အခွန့်ရှည်ကြာ တည်တံ့နိုင်မှာဖြစ်ပါတယ်။ မီးလျှံများ၊ ပြာပူများရဲ့အလယ်မှာ ကြာပန်း၊ ကြာပွင့်၊ ကြာဖူး၊ ကြာခိုင်တွေ ပွင့်လန်းရိုးထုံးစံမရှိသလို တိုင်းပြည်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးပါမှ အဲဒီ တည်ငြိမ်အေးချမ်းတဲ့ တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းကောင်းတဲ့ လူ့ပတ်ဝန်းကျင်မှာ ဒီမိုကရေစီတည်တံ့မှာဖြစ်။




**စည်းကမ်းရှိရန်၊ တည်ငြိမ်အေးချမ်းရန်၊ ဒီမိုကရေစီတည်တံ့ရန် ပြည်သူနှင့် နိုင်ငံရေးအင်အားစုများအပေါ် တည်မှီနေ အတိတ်သမိုင်းကို သင်ခန်းစာယူပြီး အမှားအယွင်း၊ အားနည်းချက်များမပါအောင် သတိကြီးစွာထားကာ အခြေခံမူများချမှတ် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဒေသစွဲနှင့် တိုင်းတစ်ပါးသွေးခွဲသပ်လျှိုမှုကြောင့် ပေါ်ပေါက်လာသည့်သံသယများ ဖယ်ရှားနိုင်မည့် အခြေခံဥပဒေပေါ်ပေါက်ရေး သဘောထားကြီးကြီး၊ အမြော်အမြင်ရှိရှိ နားလည်စာနာမှုအပြည့်ဖြင့် လက်တွဲဆောင်ရွက်**

ရန်ကုန်   ဖေဖော်ဝါရီ   ၁၇

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ အဖွင့်မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

**ချစ်ကြည်လေးစားအပ်ပါသော အမျိုးသားညီလာခံကိုယ်စားလှယ်တော်များခင်ဗျား—**

ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အမျိုးသားညီလာခံ၏တာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကိုယ်စားလှယ်တော်များ သိရှိကြတဲ့အတိုင်း ၁၉၈၈ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ဆူပူမှုအရေးအခင်းကြောင့် ပြည်ထောင်စုကြီးအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး တရားဥပဒေစိုးမိုးမှုကင်းမဲ့ကာ အချုပ်အခြာအာဏာကို ထိပါးခြိမ်းခြောက်လာတဲ့အခြေအနေ၊ တိုင်းရင်းသားပြည်သူများဟာလည်း ကျီးလန့်စာစား စိုးရိမ်ထိတ်လန့်စွာနေကြရတဲ့ အင်မတန်အန္တရာယ်ကြီးမားတဲ့ အခြေအနေဆိုးကို လျစ်လျူရှုလက်ပိုက်ကြည့်နေလို့ မရနိုင်တာကြောင့် ကျွန်တော်တို့တပ်မတော်ဟာ နိုင်ငံတာဝန်ကို ယူခဲ့ရပါတယ်။ အဲဒီလို နိုင်ငံတာဝန်ကို ပခုံးပြောင်းတာဝန်ယူခဲ့တဲ့ အချိန်ကစပြီး ကျွန်တော်တို့မှာ နိုင်ငံတော်နဲ့ အမျိုးသားရေးအကျိုးစီးပွားပျက်ပြားမှာကို အထူးပဲစိုးရိမ်ခဲ့တဲ့ အချက်ကြီးသုံးချက်ရှိခဲ့ပါတယ်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။** (အပေါ်ပုံ)

(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၈-၂-၂၀၀၅
(သောကြာနေ့)

# နိုင်ငံတော်အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေး အားကြိုးမာန်တက် ပါဝင်ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများဖြင့် စည်းလုံးညီညွတ်စွာ ဖွဲ့စည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်ရေး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယင်းသို့ကြိုးပမ်းတည်ဆောက်ရာတွင် နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုအခြေခံသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာရေးနှင့် ယှဉ်တွဲလျက်စက်မှုဖွံ့ဖြိုးသော နိုင်ငံတော်အဖြစ် ဖြစ်ထွန်းလာစေရေးတို့အတွက် နိုင်ငံတော်ကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းတည်ဆောက်ရာတွင် နိုင်ငံအတွင်းရှိ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများ၏ စုစည်းညီညွတ်သော စွမ်းပကားကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အစိုးရဌာနဆိုင်ရာများသာမက စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင် စွမ်းဆောင်နိုင်မည့် အခွင့်အလမ်းများကိုလည်း စနစ်တကျ စီမံဖန်တီးပေးလျက်ရှိသည်။

မျက်မှောက်ကာလ နိုင်ငံတကာ၏ အခြေအနေနှင့် ယှဉ်ကြည့်လျှင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအကြား ခနအင်အားကွာခြားမှု၊ နည်းပညာကွာဟမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကွာဟမှုများကြောင့် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွား နစ်နာဆုံးရှုံးမှုမရှိစေရန် အားထုတ်ကြိုးပမ်းနေသော အချိန်အခါဖြစ်သည်။

ထို့အပြင် ဖွံ့ဖြိုးပြီး နိုင်ငံအချို့ကလည်း နိုင်ငံရေးပယောဂယှက်နွယ်ပြီး မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဟန့်တားမှုများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကို အသုံးပြုပြီး ဖိအားပေး အကျပ်ကိုင်မှုများဖြင့် နှောင့်ယှက်လျက်ရှိနေကြသည်။ အဆိုပါနိုင်ငံကြီးအချို့၏ ထောက်ပံ့အားပေးမှုဖြင့် ပြည်တွင်း၊ ပြည်ပ မသမာသူ အဖျက်အမှောင့်သမားအချို့ကလည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းနေမှုများကို ဖျက်လိုဖျက်ဆီးဆိုးညစ်သည့် အကြံအစည်ဖြင့် သွေးထိုးလှုံ့ဆော် လုပ်ကြံဖန်တီးလျက်ရှိကြောင်း တွေ့မြင်ကြားသိနေရသည်။

ယင်းကဲ့သို့သော အချိန်အခါမျိုးတွင် အခြေအနေအရပ်ရပ်ကို ရင်ဆိုင်တွန်းလှန်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားစေရန် အင်ပြည့်အားပြည့်ဖြင့် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ သူတစ်ပါးသြဇာလောင်းရိပ် ကင်းရှင်းစွာဖြင့် နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ရင်ပေါင်တန်း ရပ်တည်နိုင်စေရန် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းကြရမည် ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင်ပါရှိပြီး ပထမဆုံးနှင့် အဓိကအကျဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိနေပြီဖြစ်သည်။

အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အနာဂတ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ရေရှည်အာမခံနိုင်မည့်အပြင် တိုင်းရင်းသားလူမျိုးအားလုံး၏ အကျိုးစီးပွားကို ညီညွတ်မျှတစွာ ဖော်ဆောင်ပေးနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံရမည့်မူများကို ဆွေးနွေးချမှတ်နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံးက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းရင်း နိုင်ငံတော်၏ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် အားကြိုးမာန်တက် ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အဓိဋ္ဌာန်

### စည်းလုံးခြင်းသည်အင်အား

"တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် မည်သို့သော အဖျက်အမှောင့် မှန်သမျှကိုမဆို တွန်းလှန်ချေမှုန်း၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

## နိုင်ငံတကာသတင်းများ

# အီရတ် ပြန်လည်တည်ဆောက်ရေး ဖရိုဖရဲဖြစ်နေဟု အမေရိကန်အထက်လွှတ်တော်အမတ် ဝေဖန်ပြောကြား

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

**အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးသည် ဖရိုဖရဲဖြစ်လျက်ရှိရာ တရားဥပဒေ မစိုးမိုးသေးသောကာလက အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းပြည်နယ်များကဲ့သို့ ဖြစ်နေကြောင်းဖြင့် အမေရိကန် အထက်လွှတ်တော်နှင့် အရပ်သားကန်ထရိုက်လုပ်ငန်းရှင်များက ဝေဖန်ပြောကြားလိုက်သည်။**

အထက်လွှတ်တော် အမတ်ဖြစ်သူ ဟယ်ရီရိတ်က အီရတ်နိုင်ငံ သိမ်းပိုက်ရေး အုပ်ချုပ်မှုအဖွဲ့အား တနင်္လာနေ့က ပြင်းထန်စွာ ဝေဖန်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

လိမ်လည်မှုဖြင့် အစွပ်စွဲခံရသူ အမေရိကန်နိုင်ငံသား ကန်ထရိုက်လုပ်ငန်းရှင်နှင့် အမေရိကန်မီဒီယာ သတင်းစိစစ်ဖြတ်တောက်မှုကိစ္စ စွပ်စွဲချက်အား အမေရိကန်အစိုးရက အကာအကွယ်ပေးခဲ့ကြောင်း အရပ်သားမျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းကိစ္စမှာ ကျော်မကောင်း ကြားမကောင်းကိစ္စဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အီရတ်ပြဿနာကို ၂၄ လကြာ ကြုံတွေ့ခဲ့ပြီးဖြစ်ကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ယခုထက်တိုင်အီရတ်ပြဿနာပြေလည်အောင် လုပ်ဆောင်နိုင်ပုံမရကြောင်း အတိုက်အခံ ဒီမိုကရက်တစ်ပါတီ၏ ဦးဆောင်သူရိတ်က ပြောကြားသည်။

အပေါင်းပါတပ်ဖွဲ့ ယာယီအာဏာပိုင် အဖွဲ့(စီပီအေ)က ဒေါ်လာဘီလီယံ အများအပြား တန်ဖိုးရှိ အီရတ်ပြန်လည်တည်ဆောက်ရေး အစီအစဉ်အပေါ် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အောက်လွှတ်တော်ကြားနာမှု၌ ရိတ်က ပြောကြားခဲ့သည်။

ယင်းသို့ ကြားနာစဉ်အတွင်း အရပ်သား ကန်ထရိုက်လုပ်ငန်းရှင်များက အီရတ်ပြန်လည် တည်ဆောက်ရေးလုပ်ငန်းရှင်များအား အမေရိကန်တွင် တရားဥပဒေ မစိုးမိုးသေးသော ကာလတွင် ရှိခဲ့သည့် ပြည်နယ်များနှင့် နှိုင်းယှဉ်ပြောကြားပြီး ငွေအပြည့်အသိပ်ထည့်ထားသော ငွေအိတ်ကြီးကို ဘောလုံးကန်သကဲ့သို့ မြှောက်လိုက်ကန်လိုက်လုပ်နေကြောင်း ပြောကြားခဲ့သည်။

စီပီအေအဖွဲ့ရုံးခန်းများ၏ မြေအောက်ခန်းမှ သန်းချီရှိသည့် ဒေါ်လာများကို ငွေစာရင်းစည်းမျဉ်း အတန်ငယ်လိုက်နာမှုဖြင့် ကန်ထရိုက်လုပ်ငန်းရှင်များအား စိတ်ကြိုက်ခွဲဝေပေးခဲ့ကြောင်း စီပီအေအတွက် မြို့ပြလေကြောင်း လုပ်ငန်းကို ကြီးကြပ်ခဲ့သူ ဖရင့်ကလင်ဝီလစ်စ်က ပြောကြားခဲ့သည်။

အမေရိကန်အခြေစိုက် ကတ်စတာဘက်တယ်လ်ကုမ္ပဏီ၏ လိမ်လည်မှုကို စုံစမ်းရာတွင် အမေရိကန်အစိုးရက အဟန့်အတားပြုလုပ်နေကြောင်းအခြား မျက်မြင်တွေ့ရှိသူက စွပ်စွဲပြောကြားသည်။ ယင်းကုမ္ပဏီသည်အီရတ်လေဆိပ် လုံခြုံရေးနှင့် အခြားလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာသန်း ၁၀၀ တန်ဖိုးရှိ ကန်ထရိုက်လုပ်ငန်းများ ရရှိခဲ့သည်။

***အင်တာနက်။***

# တရုတ်နိုင်ငံအလယ်ပိုင်းတွင် ရှေးဟောင်းမြို့ တူးဖော်တွေ့ရှိ

ဇင်ဇူး ဖေဖော်ဝါရီ ၁၆

**တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ် တင်ဖင်းဒေသတွင် တူးဖော်ရရှိသော မြို့ဟောင်းအပျက်အစီးများမှာ ဇီယာမင်းဆက်ကို တည်ထောင်သူ ဘုရင်ယူ၏မြို့တော် ယန်ချင်းမြို့ဟောင်းဖြစ်နိုင်ကြောင်း ရှေးဟောင်း သုတေသန ပညာရှင်များက ပြောကြားသည်။**

တင်ဖင်းဒေသအနီးရှိ ဝန်ချင်ဂန်နေရာတွင် အပျက်အစီးများကို ၂၀၀၂ ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း တူးဖော်ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပေကျင်းတက္ကသိုလ် ရှေးဟောင်းသုတေသနနှင့် ပြတိုက်ပညာသင်ကျောင်းနှင့် ဟီနန်ပြည်နယ် ရှေးဟောင်းသုတေသနဌာနတို့မှ ရှေးဟောင်းသုတေသနပညာရှင်များက ပူးတွဲတူးဖော်ခဲ့ကြခြင်းဖြစ်သည်။

မြို့ဟောင်းနေရာမှာ ဧရိယာစတုရန်း မီတာ ၃၀၀၀၀၀ ရှိပြီး မြို့တစ်မြို့၊ ကျုံးတစ်ခုနှင့် မြို့ရိုးတစ်ခု၏ အပျက်အစီးများပါဝင်သည်။ မြို့သက်တမ်း ပဏာမစစ်ဆေးချက်အရ မြို့ဟောင်းနေရာမှာ လောင်ရှန်ခေတ်နှောင်းပိုင်းက ဖြစ်သည်ဟုဆိုသည်။ လောင်ရှန်ခေတ်နှောင်းပိုင်းမှာ ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုကာလဖြစ်သည်။

တူးဖော်ရရှိသော အထောက်အထားများအရ ယင်းကာလမှာ ဇီယာမင်းဆက်ကာလ ဖြစ်နိုင်ကြောင်း၊ ကြီးမားသော မြို့အပျက်အစီးများမှာ ဘုရင်ယူ၏ မြို့တော်နေရာဖြစ်နိုင်ကြောင်း ပေကျင်းတက္ကသိုလ် ရှေးဟောင်းသုတေသနနှင့် ပြတိုက်ပညာသင်ကျောင်း ပါမောက္ခ တူးဖော်ရေးအဖွဲ့ခေါင်းဆောင် လီဆူကပြောကြားသည်။ လူရိုးများ၊ ဦးခေါင်းခွံများ၊ ကျောက်စိမ်းအစအနများနှင့် မြေအိုးများကိုလည်း တူးဖော်ရရှိသည်ဟု သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၁၈-၂-၂၀၀၅ (သောကြာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၈:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၀။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၁။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ လက်စွမ်းပြဟန်ဂီတသံ |
| ၄:၂၀ | ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၀ | ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၄၀ | ၆။ မျိုးချစ်တပ်မတော် |
| ၄:၅၀ | ၇။ အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၀၀ | ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Contemporary Westem Philosophy Pragmatism (ဒုတိယနှစ်-ဒဿနိကဗေဒအထူးပြု)** |
| ၅:၁၅ | ၉။ ပညာခေတ် |
| ၅:၂၅ | ၁၀။ Goal Show အစီအစဉ် |
| ၅:၅၀ | ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၃။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၄။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၆။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း(အပိုင်း-၂၄)** |
| ၆:၅၀ | ၁၇။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရင်မှာတိုးတေ့မွှေးနေဆဲ" (အပိုင်း-၆)** |
| ၈:၀၀ | ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၁။ မြန်မာ့ရှုခင်း |
| | ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီးဘုန်းမီးနေလ" (အပိုင်း-၂၀)** |
| | ၂၄။ သင့်အတွက်မနက်ဖြန် |
| | ၂၅။ အပိတ်နှုတ်ဆက်စကား |
| | ၂၆။ ပြီးပါပြီ။ |

# ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးရေးဟာ ခွဲခြားမရနိုင်တဲ့လိုအပ်ချက်ဖြစ်
# ဒီမိုကရေစီ အဓွန့်ရှည်ကြာထွန်းကားဖို့ စည်းကမ်းရှိမှုဟာ မဖြစ်မနေလိုအပ်

☆ **ရှေ့ဖုံးမှ**

အဲဒီအချက်ကြီး သုံးချက်ကတော့—

- **ပြည်ထောင်စုကြီး ဖရိုဖရဲပြိုကွဲသွားမယ့်အန္တရာယ်၊**
- **တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေးပျက်ပြားပြီး ပဋိပက္ခတွေ ပြင်းထန်ပေါက်ကွဲလာတဲ့အထိ ဖြစ်ပွားစေမယ့်အန္တရာယ်၊**
- **နိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ တစ်နည်းပြောရရင် ပြည်ထောင်စုကြီးရဲ့ အချုပ်အခြာအာဏာနှင့် မြေ၊ ရေ၊ လေပိုင်နက် နယ်မြေဆုံးရှုံးမယ့်အန္တရာယ်** တွေ ဖြစ်ပေါ်လာမှာကို စိုးရိမ်ကြောင့်ကြကြီးစွာ ဖြစ်ပေါ်ခဲ့တာပဲဖြစ်ပါတယ်။

### အလေးအနက်ထိန်းသိမ်း

ဒါကြောင့် ကျွန်တော်တို့ တာဝန်ယူချိန်ကစပြီး အဲဒီအန္တရာယ်တွေကို ပြည်သူများနဲ့ လက်တွဲကာကွယ်ဖို့ သန္နိဋ္ဌာန်ချပြီး ပြည်သူများအနေနဲ့လည်း ဒီအန္တရာယ်ဆိုးတွေကို အမျိုးသားရေးအန္တရာယ်များအဖြစ် မျက်ခြည်မပြတ်စေဖို့ ဒို့တာဝန်အရေးသုံးပါးကို အတိအလင်းကြေညာပြီး အလေးအနက်ထားထိန်းသိမ်းလာခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ ဘဝကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှုရှိအောင် လက်တွေ့ကျင့်သုံးဖော်ဆောင်နိုင်မည့် နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက် (၄)ရပ်တို့ကိုချမှတ်ပြီး ဒီဦးတည်ချက်အသီးသီးကို ဟန်ချက်ညီညီ ကြိုးပမ်းအကောင်အထည်ဖော်လာခဲ့ပါတယ်။

နိုင်ငံရေးနဲ့ စီးပွားရေးဟာ အပြန်အလှန်ဆက်စပ်အကျိုးပြုလျက်ရှိတာကြောင့် နိုင်ငံရေးအခြေအနေကောင်းတွေ ဖြစ်ပေါ်လာတာနဲ့အမျှ စီးပွားရေးအခြေအနေကောင်းတွေလည်း လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဦးတည်ချက်ကို အကောင်အထည်ဖော်ရာမှာ ပဓာနကျတဲ့ အကြောင်းတရားတစ်ခုလည်းဖြစ်၊ အမျိုးသားရေးနိုင်ငံရေး စွမ်းအားတည်ဆောက်ရာမှာလည်း အဓိကကျတဲ့အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုပါ အောင်မြင်မှုရအောင် ကြိုးပမ်းခဲ့ရပါတယ်။

အတိတ်ကာလ အနှစ် ၄၀ကျော် အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားလူမျိုးများအကြားမှာ လက်နက်ကိုင်ပဋိပက္ခတွေ ဆက်ကာဆက်ကာဖြစ်ပွားပြီး အာဃာတတရားတွေပွားများလာခဲ့တာကို ကျွန်တော်တို့ တာဝန်ရှိလာတဲ့အခါမှာ တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန် သည်းခံခွင့်လွှတ်မှု၊ နားလည်စာနာမှု၊ သဘောထားကြီးမှုဆိုတဲ့ မေတ္တာတရားတွေ တိုးပွားလာအောင် စိတ်ရှည်ရှည်နဲ့ ကြိုးပမ်းစည်းရုံးတည်ဆောက်ခဲ့ကြပါတယ်။

ဒီလို စေတနာ၊ မေတ္တာအရင်းခံနဲ့ ကြိုးပမ်းတည်ဆောက်မှုကြောင့် ယုံကြည်မှုတွေတိုးပွားပြီး တိုင်းရင်းသားအဖွဲ့အစည်း ၁၇ဖွဲ့ဟာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဥပဒေဘောင်အတွင်းဝင်ရောက်ကာ ငြိမ်းချမ်းရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

ဒီလိုနိုင်ငံရေးအရ တိုးတက်ဖြစ်ပေါ်လာတဲ့ ရလဒ်ကောင်းကို အခြေပြုပြီး နိုင်ငံတော်မှာ လိုအပ်နေတဲ့ ခိုင်မာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ပဓာနကျအရေးကြီးတဲ့ ကြိုးပမ်းမှုတစ်ရပ်ဖြစ်တဲ့ အမျိုးသားညီလာခံကျင်းပရေးကို ၁၉၉၂ ခုနှစ် ဇွန်လကစပြီး လိုအပ်တဲ့ ပြင်ဆင်မှု၊ ညှိနှိုင်းမှုတွေကို အဆင့်ဆင့်စနစ်တကျအလေးအနက်ထားပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါကြောင့်လည်း ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ရက်မှ ၁၉၉၆ခုနှစ် မတ်လ ၃၀ရက်နေ့အထိ ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံမှာ အခြေခံမူတွေ၊ အသေးစိတ်အခြေခံမူတွေကို ညှိနှိုင်းချမှတ်နိုင်ခဲ့တာပဲဖြစ်ပါတယ်။

### နိုင်ငံရေးမျှော်မှန်းချက်

နိုင်ငံရေးဦးတည်ချက်(၄)ရပ်မှာ စတုတ္ထအချက်ဖြစ်တဲ့ **"ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး"** ဆိုတဲ့အချက်ဟာ ကျွန်တော်တို့ တပ်မတော်အစိုးရရဲ့ နိုင်ငံတော်နဲ့ ပြည်သူများအတွက် မြင့်မားစွာထားရှိတဲ့ နိုင်ငံရေးမျှော်မှန်းချက်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ယခုကျင်းပတဲ့ အမျိုးသားညီလာခံကြီးရဲ့ ဦးတည်ချက် (၆)ရပ်မှာ စတုတ္ထဦးတည်ချက်အဖြစ် **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး"** ကို အတိအလင်းထည့်သွင်းပြီး ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းမှုများပြုရာမှာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီထွန်းကားရေးကို မျက်ခြည်ပြတ်မခံဘဲ အလေးထားဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

အမျိုးသားညီလာခံရဲ့ ဦးတည်ချက်များအနက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဦးတည်ချက်သုံးရပ်ဟာ စစ်မှန်သော ပါတီစုံဒီမိုကရေစီထွန်းကားရေးအတွက် ပဓာနအကျဆုံးအခြေခံလိုအပ်ချက်တွေဖြစ်ပါတယ်။ ဒီဒို့တာဝန်အရေးသုံးပါး ပြည့်စုံနေမှသာလျှင် ကျွန်တော်တို့ နိုင်ငံတော်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစရှိတဲ့ ကောင်းမွန်တဲ့ အမျိုးသားရေးထူထောင်တည်ဆောက်မှုတွေကို အခိုင်အမာတည်ဆောက်နိုင်မှာဖြစ်ပါတယ်။

### ဒီမိုကရေစီတည်တံ့ရေး

ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ရေကန်ကြီးဟာ ကန်ပေါင်တည်တံ့မှ ရေရှိပြီး ကြာပွင့်နိုင်မှာဖြစ်သလို၊ ဒို့တာဝန်အရေးသုံးပါး ပြည့်စုံမှသာလျှင် ဒီမိုကရေစီရေးဟာလည်း အဓွန့်ရှည်ကြာတည်တံ့နိုင်မှာဖြစ်ပါတယ်။ မီးလျှံများ၊ ပြာပုံများရဲ့ အလယ်မှာ ကြာပန်း၊ ကြာပွင့်၊ ကြာဖူး၊ ကြာခိုင်တွေ ပွင့်လန်းရိုးထုံးစံမရှိသလို တိုင်းပြည်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးပါမှ အဲဒီတည်ငြိမ်အေးချမ်းတဲ့ တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းကောင်းတဲ့ လူ့ပတ်ဝန်းကျင်မှာ ဒီမိုကရေစီ တည်တံ့မှာဖြစ်ပါတယ်။

စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဆူပူသောင်းကျန်းမှုတွေရှိတဲ့နိုင်ငံမှာ ဒီမိုကရေစီထွန်းကားမှု မဖြစ်နိုင်ပါဘူး၊ အမည်ခံဒီမိုကရေစီသာရှိပြီး အကြမ်းဖက်မှုတွေ၊ မင်းမဲ့စရိုက်တွေကြောင့် ဒီမိုကရေစီဟာ တဒင်္ဂအားဖြင့်သာ တည်တံ့ပြီး ပျက်သုဉ်းပျောက်ကွယ်သွားကြတာရှိသလို ပိုမိုဆိုးရွားတဲ့ အခြေအနေတွေ၊ မူလကတည်တံ့ခိုင်မြဲနေခဲ့တဲ့ ပြည်ထောင်စုကြီးများ ပြိုကွဲသွားရတဲ့ အခြေအနေတွေစတဲ့ နိုင်ငံတကာဖြစ်ရပ်သင်ခန်းစာတွေကို ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရပါတယ်။

### အရေးကြီးသည့်လိုအပ်ချက်

ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးရေးဟာ ခွဲခြားမရနိုင်တဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီမိုကရေစီအဓွန့်ရှည်ကြာထွန်းကားဖို့ဆိုရင် စည်းကမ်းရှိမှုဟာ မဖြစ်မနေလိုအပ်တာကြောင့် ကျွန်တော်တို့ဟာ စည်းကမ်းရှိသော ဒီမိုကရေစီကို မျှော်မှန်းထားခြင်းပဲဖြစ်ပါတယ်။ စည်းကမ်းရှိဖို့၊ တည်ငြိမ်အေးချမ်းဖို့၊ ဒီမိုကရေစီတည်တံ့ဖို့အတွက် ပြည်သူလူထုနဲ့ နိုင်ငံရေးအင်အားစုများအပေါ်မှာ များစွာတည်မှီနေပါတယ်။ ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုမင်းမဲ့စရိုက်တွေ ကင်းစင်ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ရှိနေဖို့လိုသလို အမျိုးသားရေးအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်နိုင်စေမယ့် အခြေခံအဆောက်အအုံတွေ ပြည့်စုံဖို့လည်း အရေးကြီးတဲ့လိုအပ်ချက်ဖြစ်ပါတယ်။

ပြည်သူများအနေနဲ့ အရည်အချင်းပြည့်ဝတဲ့ ကိုယ်စားလှယ်တွေကို မှန်ကန်စွာ ရွေးချယ်နိုင်စေဖို့ ဆင်ခြင်တုံတရားနဲ့ အမြော်အမြင်ရှိဖို့ လိုအပ်ပြန်ပါတယ်။ ဒါ့ကြောင့်လည်း လက်တွေ့အားဖြင့် ကျွန်တော်တို့အစိုးရဟာ လူသားစွမ်းရည်အရင်းအမြစ် ပြုစုပျိုးထောင်ရေးအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာတွေကို ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ပေးနေတာ အားလုံးမျက်မြင်ကိုယ်တွေ့ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၁၄နှစ်ကြာကျင့်သုံးခဲ့ရာမှ ပြည်ထောင်စုပြိုကွဲမယ့် အန္တရာယ်ပေါ်ပေါက်လာတာကြောင့် အဲဒီအခြေခံဥပဒေဟာ ရပ်ဆိုင်းသွားခဲ့ရသလို ၁၉၇၄ ခုနှစ် အခြေခံဥပဒေဟာလည်း တစ်ပါတီစနစ်နှင့်အတူ ပုဂ္ဂလိကစီးပွားရေးကို မျက်ကွယ်ပြုထားတဲ့အားနည်းချက်တွေကြောင့် ပြည်သူလူထုက အဲဒီအခြေခံဥပဒေကို မကြိုက်မနှစ်သက်ကြောင်း အထင်အရှားပြသခဲ့ပြီးဖြစ်ပါတယ်။

ယခုကျွန်တော်တို့ ကြိုးပမ်းဖော်ဆောင်နေတဲ့ အခြေခံဥပဒေဟာ အတိတ်သမိုင်းကြောင်းကို သင်ခန်းစာယူပြီး အလားတူ အမှားအယွင်းတွေ၊ အားနည်းချက်တွေ မပါရအောင် သတိတရားကြီးစွာထားကာ အခြေခံမူတွေကို ချမှတ်ဖို့လိုမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဒေသစွဲနဲ့ တိုင်းတစ်ပါး သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား ပေါ်ပေါက်လာခဲ့တဲ့ သံသယအစွဲအလမ်းတွေ ဖယ်ရှားသန့်စင်ပြီး ခိုင်မာတဲ့ အခြေခံဥပဒေ ပေါ်ပေါက်ရေးကို သဘောထားကြီးကြီး၊ အမြော်အမြင်ရှိရှိ စိတ်ရှည်ရှည်ထားကာ အချင်းချင်းနားလည်မှု၊ စာနာထောက်ထားမှု အပြည့်အဝနဲ့ လက်တွဲဆောင်ရွက်ကြဖို့ အထူးလိုအပ်ချိန်ဖြစ်ပါတယ်။

လောကသဘာဝအတိုင်း အဖျက်အမှောင့်တွေ၊ အဖျက်သမားတွေဟာ ရှိစမြဲဖြစ်ပါတယ်။ ယနေ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေဟာ လက်ရှိလျှောက်လှမ်းနေတဲ့ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်က သွေဖည်သွားစေဖို့ သဘောဆိုးနဲ့ အမျိုးမျိုး သပ်လျှိုသွေးခွဲနေကြချိန်လည်းဖြစ်ပါတယ်။

### သန္နိဋ္ဌာန်ချထား

ကျွန်တော်တို့တပ်မတော်ကတော့ သမိုင်းစဉ်တစ်လျှောက်မှာ တိုင်းရင်းသားပြည်သူတွေရဲ့ အကျိုးစီးပွားကို ဘယ်တော့မှ မျက်ကွယ်ပြုမှာ မဟုတ်သလို တိုင်းရင်းသားပြည်သူတွေရဲ့ တရားတဲ့ ရည်ရွယ်ချက်တွေ၊ မျှော်မှန်းချက်တွေ၊ ဆန္ဒတွေ အောင်မြင်မှုရအောင် မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိပြီး ရိုးသားတဲ့ တိုင်းရင်းသားပြည်သူတွေနဲ့ သေအတူ ရှင်မကွဲ ခိုင်ခိုင်မြဲမြဲ လက်တွဲပြီး နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အပြည့်အဝ အောင်မြင်မှုရတဲ့အထိ ကြိုးစားသွားဖို့ အလေးအနက် သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်။

**အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်များခင်ဗျား–**

ကျွန်တော်တို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနဲ့ စီမံခန့်ခွဲမှုကော်မတီတို့ဟာ အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနဲ့အတူ ရပ်နားထားတဲ့ ကာလအတွင်းမှာ ဆောင်ရွက်ဖွယ်ရာ တာဝန်တွေကို တက်ညီလက်ညီ အလေးထား ဆောင်ရွက်ခဲ့ကြပါတယ်။

၂၀၀၄ ခုနှစ် မေလ ၁၇ရက်မှ ဇူလိုင်လ ၉ရက်နေ့အထိ ကျင်းပပြီးခဲ့တဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းခဲ့တဲ့ အကြံပြုချက်စာတမ်းတွေကို သဘာပတိအဖွဲ့က အချိန်ယူလေ့လာပြီး စုစည်းသုံးသပ်ချက်တွေ ပြုစုခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အသီးသီးရဲ့ အကြံပြုချက်စာတမ်းတွေထဲက သင့်မြတ်ကောင်းမွန်တဲ့ အကြံပြုတင်ပြချက်တွေကို သဘာပတိအဖွဲ့က စုစည်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီကို တင်ပြခဲ့တဲ့နည်းတူ လုပ်ငန်းကော်မတီကလည်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကို တင်ပြခဲ့ပါတယ်။

### သဘောထားရယူမည်

ယခုကျင်းပမယ့် အစီအစဉ်တွေမှာ သဘာပတိအဖွဲ့ရဲ့ တွေ့ရှိချက်တွေကို စုစည်းတင်ပြခြင်း၊ ထူးခြားကောင်းမွန်တဲ့ အကြံပြုချက်တွေကို အခြားအစုအဖွဲ့တွေလည်း လေ့လာသုံးသပ်ခွင့်ရအောင် ပြန်လည်ရှင်းလင်းချပြပြီး ဆန္ဒသဘောထား ရယူခြင်းပြုမှာဖြစ်ပါတယ်။

အဲဒီနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဟာ ကိုယ်စားလှယ်တော်ကြီးများ အကြံပြုခဲ့တဲ့ အနှစ်သာရတွေပါဝင်တဲ့ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုနဲ့ပတ်သက်တဲ့ ချမှတ်သင့်တဲ့မူတွေကို စုံညီအစည်းအဝေးမှာ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

### ဖတ်ကြားတင်သွင်း

အဲဒီနောက် ဆက်လက်ပြီး အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုနဲ့ ပတ်သက်တဲ့အပိုင်းကို ယခင်ကလိုပဲ ပြည်ထောင်စုနဲ့ သက်ဆိုင်တဲ့အပိုင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနဲ့ သက်ဆိုင်တာတွေကို လုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြပြီး ကိုယ်စားလှယ်အစုအဖွဲ့အသီးသီးက အစုအဖွဲ့အလိုက် စိတ်တိုင်းကျ အကြံပြုချက်စာတမ်းတွေရအောင် ဆွေးနွေးပြီး ပြုစုကြရမှာဖြစ်ပါတယ်။ အဲဒီနောက် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ စပ်လျဉ်းတဲ့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံမူတွေဆိုင်ရာ အကြံပြုချက်စာတမ်းတွေကို စုံညီအစည်းအဝေးမှာ ဖတ်ကြားတင်သွင်းကြမှာဖြစ်ပါတယ်။

ယခုအခါမှာ ဆောင်းရာသီကုန်ဆုံးလို့ နွေဦးရာသီကို ဝင်ရောက်မှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးများ ရာသီဥတုအပြောင်းအလဲမှာ ကျန်းမာရေးကို အထူးဂရုစိုက်ကြဖို့လိုအပ်ပါမယ်။ ကျန်းမာရေးအတွက်လိုအပ်တဲ့ ကာကွယ်မှု၊ ကုသမှုတွေ၊ လေ့ကျင့်မှုတွေကို လိုအပ်သလိုပြုလုပ်ကြဖို့ တိုက်တွန်းလိုပါတယ်။

စီမံခန့်ခွဲမှုကော်မတီကလည်း ကိုယ်စားလှယ်တော်များရဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၊ ကြည်သာချမ်းမြေ့ကြစေကြောင်း တတ်စွမ်းသရွေ့ ကြိုးပမ်းကူညီစောင့်ရှောက်သွားဖို့ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။

ဒါကြောင့် ယနေ့ကစပြီး ကျင်းပတဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်တော်များဟာ ယခင်ကလိုပဲ ကျွန်တော်တို့နဲ့ ခင်ခင်မင်မင်၊ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း ဆက်ဆံဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သတင်းစဉ်)

---

## အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ရှင်းလင်းတင်ပြသွားသည့် အလှည့်ကျသဘာပတိများ၏ ရှင်းလင်းချက်များကို ဆက်လက်ဖော်ပြသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဖေဖော်ဝါရီ ၁၇ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိများဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်တို့၏ ရှင်းလင်းတင်ပြချက်များကို ၁၉-၂-၂၀၀၅ ရက်ထုတ် သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်သည်။ (သတင်းစဉ်)

---

## မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအဖွဲ့ ညီလာခံဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

(၆) ကြိမ်မြောက် မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းဝင် မေ့ဆေးဆရာဝန်ကြီးများ၊ အဖွဲ့ဝင်အသင်းသားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းအောင်နှင့် မြန်မာနိုင်ငံမေ့ဆေးဆရာဝန်များအသင်း ဥက္ကဋ္ဌ ဌာနမှူး ဒေါက်တာတင်မြင့်တို့က လည်းကောင်း၊ ဧည့်ခံကြိုဆိုရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမြင့်မြင့်အေးက လည်းကောင်း အမှာစကား အသီးသီးပြောကြားပြီးနောက် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များ ညီလာခံဆွေးနွေးပွဲ အစီအစဉ်များကို ဆက်လက်ကျင်းပရာ စာတမ်းရှင် ကိုးဦးတို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သက်ကြီး မေ့ဆေးဆရာဝန်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

✧ **အမျိုးသားညီလာခံမှ**

"ဝ"အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင်တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသားအဖွဲ့ (၁၇)ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေါင်းဆောင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Li Jinjun နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံသံရုံးတို့မှ သံအမတ်ကြီးများ၊ နီပေါနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံသံရုံးတို့မှ သံရုံးယာယီတာဝန်ခံများ၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံတို့မှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့်အသင်းဝင် သတင်းထောက်များ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ ပြည်ပသတင်းဌာနများဖြစ်ကြသည့် The Yomiuri Shimbun၊ Fuji Television Network Inc.၊ Tokyo Broadcasting System (TBS)၊ The Nishinippon Newspaper Co.၊ The Sankei Shimbun၊ N.H. K ၊ The Mainichi Newspaper၊ Nippon Television Network Corp. (NTV)၊ The Tokyo Shimbun၊ The Churuchi Shimbun၊ Asahi Shimbun၊ VOA ၊ EPA၊ TV Asahi News၊ AFP၊ Ji Ji Press၊ Reuters၊ A.P နှင့် Kyodo သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်လေ့လာကြသည်။

**အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပပုံများကို တက်ရောက် သတင်းယူလေ့လာကြသည့် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ၎င်းတို့၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။** (သတင်းစဉ်)





**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တက်ရောက်လေ့လာကြသည့် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များအား တွေ့ရစဉ်။** (သတင်းစဉ်)



## လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးမစတင်မီ နံနက် ၇နာရီခွဲ မှစတင်၍ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီ အစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မကျင်းပမီ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် ကော်မတီအဖွဲ့ဝင်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပပုံများကို တက်ရောက်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

**အခမ်းအနားမှူး**

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့က ဆောင်ရွက်ကြစဉ်။** (သတင်းစဉ်)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပပုံများကို တက်ရောက်၍ သတင်းရယူလေ့လာကြသည့် ပြည်တွင်း၊ ပြည်ပသတင်းထောက်များအားလည်း ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ၎င်းတို့၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။** (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

## အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူး အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၀၈၁ဦး ရှိပြီး ၁၀၇၅ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ၄၄ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမျိုးသားညီလာခံ စုံညီ အစည်းအဝေးအဖွင့် မိန့်ခွန်းပြောကြားပြီး အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို ခေတ္တရပ်နားသည်။



**(သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ အဖွင့်မိန့်ခွန်းကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ယင်းနောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ ကျင်းပရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို ခေတ္တရပ်နားသည်။

**(အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းပြောကြားသော အမျိုးသားညီလာခံ လုပ်ထုံးလုပ်နည်းဆိုင်ရာ ရှင်းလင်းချက်များကို ကျောဖုံးတွင် ဖော်ပြထားပါသည်။)**

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✧

# ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းရာ၌ အခြေခံမူများချမှတ်နိုင်ရန် လိုအပ်သည့်အချက်အလက် အထောက်အထားများ စုဆောင်းလေ့လာခဲ့

✧ စာမျက်နှာ ၄ မှ

သဘာပတိအဖြစ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးယောအေးလှ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်ကဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။



အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

## ရှင်းလင်းတင်ပြ

ထို့နောက် စုံညီအစည်းအဝေးအစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကိုကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က ရှင်းလင်းတင်ပြရာတွင် ၂၀၀၄ ခုနှစ် မေလ ၁၇ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ဖို့ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ကိုယ်စားလှယ်များက စာတမ်းများတင်သွင်းလျက် အကြံပြုဆွေးနွေးသွားကြပြီးဖြစ်ပါကြောင်း။



၂၀၀၄ ခုနှစ် ဇွန်လ ၂၄ ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ ကျင်းပပြီးစီးခဲ့သည့် စုံညီအစည်းအဝေးတွင် ကိုယ်စားလှယ်အစုအဖွဲ့အလိုက် တင်ပြခဲ့ကြသည့် အကြံပြုချက်စာတမ်းများကဆိုရင်–

- **(က) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့က (၇)စောင်**
- **(ခ) ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က (၅)စောင်**
- **(ဂ) တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က (၁)စောင်**
- **(ဃ) တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က (၁)စောင်**
- **(င) အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က (၁)စောင်**
- **(စ) အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က (၁)စောင်**
- **(ဆ) နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က (၁)စောင်**
- **(ဇ) အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က (၁)စောင်**

စုစုပေါင်း ၁၈စောင်ဖြစ်ပါကြောင်း။

ထိုအကြံပြုချက်စာတမ်းများကိုလည်း အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အချို့တို့က ဖတ်ကြားတင်ပြခဲ့ကြသည့်အတွက် ညီလာခံကိုယ်စားလှယ်များအားလုံး ကြားသိကြပြီးဖြစ်ပါကြောင်း။

ဤအကြံပြုချက်စာတမ်းများပါ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို တင်ပြသွားမည်ဖြစ်ပါကြောင်း။

## ဥပဒေပြုရေးအာဏာ

၂၀၀၄ခုနှစ် မေလ၁၈ရက်နေ့မှာ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"နိုင်ငံတော်၏ ဥပဒေပြုခွင့်အာဏာခွဲဝေအပ်နှင်းရေးနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့အား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်ဟု အခြေခံမူတစ်ရပ် ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

ဤချမှတ်ထားသည့် အခြေခံမူနှင့်အညီ ဥပဒေပြုခွင့်အာဏာခွဲဝေအပ်နှင်းရာတွင် ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်၊ ခွဲဝေပေးသင့် ခွဲဝေပေးထိုက်သည့်အတိုင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသည် ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကိုလည်းကောင်း ဖိတ်ကြားဆွေးနွေးပြီး လိုအပ်သည့် အချက်အလက်အထောက်အထားများကို စုဆောင်းလေ့လာခဲ့ပါကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနများအလိုက် တာဝန်ယူ အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ဗဟိုအဆင့်တွင်လည်းကောင်း၊ ပြည်နယ်၊ တိုင်း အဆင့်တွင်လည်းကောင်း ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များကိုလည်း အသေးစိတ်လေ့လာခဲ့ပါကြောင်း။

ဥပဒေပြုရေးအာဏာ ခွဲဝေအပ်နှင်းခြင်းနှင့် စပ်လျဉ်း၍ ၁၉၄၇ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာပါရှိသည့် ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် ပြည်နယ်ဥပဒေပြုစာရင်းများကိုလည်း လေ့လာခဲ့ပါကြောင်း၊ ထို့အပြင် ဗြိတိသျှကိုလိုနီလက်အောက်က လွတ်မြောက်ခဲ့သည့် ဘဝတူနိုင်ငံအချို့နှင့် အခြားနိုင်ငံအချို့တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းပါရှိသော ဥပဒေပြုရေးအာဏာခွဲဝေအပ်နှင်းထားမှုများကိုလည်း ဂရုပြုလေ့လာခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုလည်းကောင်း ခွဲဝေအပ်နှင်းသင့်သည့် ဥပဒေပြုစာရင်းလျာထားချက်နှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ထိုလွှတ်တော်နှစ်ရပ်ပါရှိသော ပြည်ထောင်စုလွှတ်တော်ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ကိုလည်းကောင်း ခွဲဝေအပ်နှင်းသင့်သည့် ဥပဒေပြုစာရင်း လျာထားချက်များကို ကဏ္ဍ ၁၁ခုခွဲခြားပြီး ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း။

အဲဒီကဏ္ဍ ၁၁ခုမှာ–

- **၁။ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊**
- **၂။ နိုင်ငံခြားရေးကဏ္ဍ၊**
- **၃။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊**
- **၄။ စီးပွားရေးကဏ္ဍ၊**
- **၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊**
- **၆။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊**
- **၇။ စက်မှုလက်မှုကဏ္ဍ၊**
- **၈။ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊**
- **၉။ လူမှုရေးကဏ္ဍ၊**
- **၁၀။ စီမံခန့်ခွဲရေးကဏ္ဍနဲ့**
- **၁၁။ တရားစီရင်ရေးကဏ္ဍ**

တို့ဖြစ်ပါကြောင်း"ဟု ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

## ကာကွယ်ရေးနှင့်လုံခြုံရေး

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ထိုကဏ္ဍ ၁၁ခုအနက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သော ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအောက်မှာ ပါရှိမည့်ကိစ္စများနှင့် စပ်လျဉ်း၍–

အောက်ပါ နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်၊ မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း။

- **၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း၊**
- **၂။ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊**
- **၃။ ဓိဝနှင့်ဓာတုစသည့် လက်နက်များအပါအဝင် လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊**
- **၄။ အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များ၊**
- **၅။ စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း၊**
- **၆။ နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊**
- **၇။ ရဲတပ်ဖွဲ့**

တို့ဖြစ်ပါကြောင်း" ရှင်းလင်းပြောကြားသွားခဲ့ကြောင်း။



**အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြု တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်) ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

ထိုရှင်းလင်းချက်နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော နိုင်ငံရေးပါတီ ခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက "ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအောက်မှာ ပါရှိသည့်ကိစ္စရပ်များကို အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်၊ မသင့်နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆



**အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။**
(သတင်းစဉ်)

18-2)inter.P65 5 1/5/32, 7:02

# ပြည်ထောင်စုကြီး၏အကြီးဆုံး၊အရှည်ဆုံး၊အလှဆုံး၊ဂုဏ်အယူရဆုံး သံလွင်တံတား( မော်လမြိုင် )

ဦးဇော်

သံလွင်မြစ်ကူး(မော်လမြိုင်) တံတားကြီးကို ၅–၂–၂၀၀၅ ရက်နေ့၌ မင်္ဂလာအခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့ရာ နိုင်ငံတော် အကြီးအကဲ နိုင်ငံ့ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက်အားပေး ချီးမြှင့်ခဲ့ပါသည်။

သံလွင်မြစ်ကြီး ရာသက်ပန်ခြားနေသည့် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်နှင့် မုတ္တမတစ်ဖက်ကမ်းကို ပေါင်းကူးဆက်သွယ်သည့် ဤမော်လမြိုင်တံတားကြီးသည် နိုင်ငံတော်၌ တည်ဆောက်ပြီးစီးခဲ့သည့် မြစ်ကူး၊ ချောင်းကူးတံတားကြီးများအနက် အရှည်လျားဆုံး၊ အကြီးမားဆုံးတံတားကြီးဖြစ်သည်။ တံတားပေါ်၌ ၂၈ ပေ ကျယ်သည့် နှစ်လမ်းသွား မော်တော်ကားလမ်း၊ ၁၄ ပေကျယ်သည့် ရထားလမ်း၊ ခြောက်ပေစီကျယ်သည့် လူသွားလမ်းနှစ်လမ်းပါရှိပြီး တံတားအရှည်မှာ မော်တော်ကားလမ်းအရ နှစ်မိုင်ကျော်၊ ရထားလမ်းအရ လေးမိုင်ကျော်ခန့်ရှိသည်။ မော်လမြိုင်မှ မုတ္တမတစ်ဖက်ကမ်းသို့ ခေါင်းဆေးကျွန်းအနီးမှဖြတ်၍ တည်ဆောက်ထားသည့် မြင်ကွင်းမှာ ရင်သပ်ရှုမောဖွယ်ရာဖြစ်သည်။ ကျယ်ပြန့်သောမြစ်ပြင်ပေါ်၌တည်ရှိနေသည့် တံတားပုံစံမှာ ရိုးစင်းသော်လည်း မျက်စိတစ်ဆုံးမြင်ကွင်းကျယ်အတွင်း ခံ့ညားထည်ဝါမှုကိုသာမက လှပမှုကိုပါ ထပ်ဆင့်ထားလျက်ရှိသည်ဟု ခံစားမိသည်။ မော်လမြိုင်မြို့ကို ပို၍လှပသွားစေသည်။

တံတားတည်ဆောက်ထားသည့်နေရာမှာ သံလွင်မြစ်ကြီးနှင့် ဂျိုင်းမြစ်၊ အတ္တရံမြစ်တို့ ဆုံစည်းရာဖြစ်သည့်အတွက် ရေစီးသန်ပြီး ဝဲဂယက်များ ဖြစ်ပေါ်နေသည်။ မြစ်ရေနက်သလို မြစ်ပြင်ကျယ်ပြန့်ပြီး လေထန်သော နေရာမျိုးဖြစ်သည်။ တိုင်းတာရှာဖွေရရှိသည့်နေရာများအနက် အဖြစ်နိုင်ဆုံး၊ အကောင်းဆုံးနေရာကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကွင်းဆင်းရွေးချယ်ပေးခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲသည် တံတားတွေ၊ ဆည်တမံတွေကို ကိုယ်တိုင်ကိုယ်ကျ မတည်ဆောက်ရုံသာရှိသည်။ တည်ဆောက်မှုလုပ်ငန်းများကို အစ၊ အလယ်၊ အဆုံး စိတ်ဝင်စားသည်။ ကြည့်ရှုစစ်ဆေးအားပေးမှုများပြုသည်။ တည်ဆောက်ရေးအင်ဂျင်နီယာများ၏ အတွေ့အကြုံများနှင့် တင်ပြမှုများအပေါ် အပြန်အလှန်ဝေဖန်ဆန်းစစ် အကြံပြုသည်။ အတတ်ပညာရှင် တစ်ဦးမဟုတ်သော်လည်း အင်ဂျင်နီယာများနှင့်အတူ ထပ်တူထပ်မျှ နားလည်သိရှိခံစားနိုင်သည်အထိ လုပ်ငန်း သဘာဝများကို အကျွမ်းဝင်နေပြီဖြစ်သည်။

ဤသို့ဖြင့် တံတားကြီးပေါင်းနှစ်ရာနီးပါး၊ ဆည်တမံလုပ်ငန်းပေါင်းနှစ်ရာနီးပါး တစ်ခုပြီးတစ်ခု အောင်မြင်စွာ တည်ဆောက်လာနိုင်သည်နှင့်အမျှ မိမိတို့ အင်ဂျင်နီယာအတတ်ပညာရှင်များ၏ အရည်အသွေးနှင့် အတွေ့အကြုံအပေါ် ပို၍အားကိုး ယုံကြည်လာနိုင်သည်။ အင်ဂျင်နီယာများ၏ အရည်အသွေးစံနှုန်းနှင့် လုပ်နိုင်အားကိုလည်း စိတ်ချစွာ အကဲဖြတ်လာနိုင်သည်။ ထို့ကြောင့်လည်း ရှည်လျားလှသော မြစ်ပြင်ကျယ်ကို ဖြတ်ကူးသည့် ဤမော်လမြိုင်တံတားကြီးကို တည်ဆောက်စေခြင်းဖြစ်ရာ ယခုအောင်မြင်စွာ လက်တွေ့ရုပ်လုံးပေါ်ပြီဖြစ်သည်။

မြစ်ကြမ်းပြင်၌ ကျောက်သားအောက်ခံရှိသည့် ရေထန်မြေထန်သော ဤနေရာမျိုးတွင် နည်းလမ်းအမျိုးမျိုးရှာကြံပြီးတံတားတည်ဆောက်ရေးလုပ်ငန်းများကို ပင်ပင်ပန်းပန်း ကြိုးကြိုးစားစား ကြံစည်အားထုတ် လုပ်ကိုင်ခဲ့ရခြင်းဖြစ်သည်။ သာမန်လုံ့လဝီရိယအား၊ သာမန်စိတ်ဓာတ်အင်အားတို့ဖြင့် ဤနေရာမျိုး၌ ဤလိုတံတားမျိုးကို အောင်မြင်စွာ တည်ဆောက်နိုင်ရန် မဖြစ်နိုင်ပေ။ ယခုကဲ့သို့ တံတားကြီးကို ခိုင်ခိုင်မာမာ လှလှပပ အောင်မြင်စွာ တည်ဆောက်နိုင်ခြင်းသည် မြန်မာအင်ဂျင်နီယာများ၏ တီထွင်ကြံဆမှု စွမ်းအားနှင့် စိတ်ဓာတ်အရည်အသွေးမြင့်မားမှုကို ပြဆိုနိုင်ခြင်းပင်ဖြစ်သည်။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တွန်းတွန်းတိုက်တိုက်လက်တွေ့အကောင်အထည်ဖော်သည့်အခါ အရင်းအနှီး ပြည့်ပြည့်စုံစုံမရှိသေးသည့်အတွက် မိမိတို့၌ အခြေခံရှိထားပြီးသည့် အတတ်ပညာနှင့် လုပ်အားတို့ကိုသာ အဓိကအားထား၍ အပင်ပန်းခံပြီး တီထွင်ကြံဆအားထုတ်လုပ်ကိုင်ကြရသည်။ နိုင်ငံခြား အကူအညီကို မျှော်ကိုးနေ၍ အစီးအပွားဖြစ်မလာနိုင်သည်ကို သိနေရပြီဖြစ်၍ ကိုယ့်ခွန်ကိုယ့်အားကိုသာ မှီခို အားထုတ်ကြရသည်။ ရန်ကုန်မြို့အနီးမှ ငမိုးရိပ်ရေလှောင်တမံကို ကိုယ်ပိုင်စွမ်းအားဖြင့် အောင်မြင်စွာ တည်ဆောက်လာနိုင်သည့်အခါ သဖန်းဆိပ်ရေလှောင်တမံဟုခေါ်သည့် မူးမြစ်ဝှမ်းစီမံကိန်းကို ပြည့်စုံအောင်မြင်အောင် တိုးချဲ့ထုထောင်လာနိုင်သည်။ ရန်ကုန်မြို့ လှိုင်မြစ်ကူးဘုရင့်နောင်တံတားနှင့် ပြည်မြို့အနီးရှိ ဧရာဝတီမြစ်ကူး နဝဒေးတံတားကို အောင်မြင်စွာ စတင်တည်ဆောက်နိုင်သည့် အစွမ်းအစသည် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ် စသည့်မြစ်များကို ကျော်ဖြတ်သည့် ယခုကဲ့သို့သော တံတားကြီးများကို တစ်ခုပြီးတစ်ခု ရဲရဲတာဝန်ယူ တည်ဆောက်လာနိုင်သည်။ နိုင်ငံတော်က ကျောထောက်နောက်ခံပြု၍ အားပေးနေသဖြင့် ပို၍ပို၍ လုပ်ရဲကိုင်ရဲလာပြီး မိမိကိုယ်ကို ယုံကြည်လာခြင်းဖြစ်သည်။

မော်လမြိုင်တံတားကြီး ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်အကြီးအကဲက–

**"ဤတံတားကြီးကိုတည်ဆောက်ပေးချင်သည်မှာနှစ်ကာလကြာပါပြီ၊ အခက်အခဲတွေရှိနေတဲ့အတွက် ချက်ချင်းလုပ်မပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် ငွေရေးကြေးရေး အခက်အခဲနဲ့ အတတ်ပညာ အခက်အခဲတွေကြောင့် အခြေအနေ၊ အချိန်အခါကို စောင့်ဆိုင်းနေခဲ့ရတာ ဖြစ်ပါတယ်"**

**" ယခုတော့ တိုင်းပြည်ရဲ့ စီးပွားရေးဟာ အတိုင်းအတာတစ်ရပ်အထိ တိုးတက်လာသလို အတတ်ပညာပိုင်းကလည်း တံတားအသေးစား၊ အလတ်စား၊ အကြီးစားတွေကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်လာနိုင်တာနဲ့အမျှ အတတ်ပညာနဲ့ အတွေ့အကြုံတွေကို စုဆောင်းလာနိုင်တာကြောင့် ဒီလိုတံတားကြီးမျိုးကို စတင်တည်ဆောက်လာနိုင်တာ ဖြစ်တယ်"**

စသည်ဖြင့် တိုင်းပြည်အတွက်၊ တံတားကြီးတွေအတွက် အရင်းအနှီးနှင့် အတတ်ပညာစုဆောင်းလာရပုံကို အမြွက်မျှ ထုတ်ဖော်ပြောဆိုသွားသည်။ အမှန်တကယ်လည်း ၁၉၈၈ ခုနှစ် နိုင်ငံ့တာဝန်ရယူစဉ်က နိုင်ငံတော်အစိုးရ၌ ဝန်ထမ်းလစာကိုပင်ပေးရန် ငွေကြေးအခက်အခဲရှိခဲ့သည်။ ထိုအချိန်ကာလအထိ ကြီးကြီးမားမားတံတားဆိုလျှင် ကိုယ်တိုင်ကိုယ်ကျ ဆောက်နိုင်အားမရှိ။ ဥပမာ–ရန်ကုန်–သန်လျင်တံတားနှင့် ငဝန်တံတား(ငါးသိုင်းချောင်း)တို့ကို ပြည်ပနိုင်ငံများနှင့် ပေါင်းစပ်တည်ဆောက်ခဲ့ရသည့် ဘဝမျိုးဖြစ်သည်။ ယခုတော့ မိမိကိုယ်ကို ယုံကြည်စိတ်ချစွာ မြစ်ကိုတွေ့လျှင် တံတားကို တည်ဆောက်ရဲနေပြီဖြစ်သည်။

သံလွင်မြစ်ပေါ်၌ မော်လမြိုင်တံတားကြီးမတိုင်မီ သံလွင်တံတား(ဘားအံ)၊ တာဆန်းတံတားနှင့် တာကော်အက်တံတားတို့ကို တည်ဆောက်ခဲ့သဖြင့် စုစုပေါင်း **သံလွင်မြစ်ကူးတံတားအသစ် လေးစင်း**ရှိသွားပြီ ဖြစ်သည်။ ဧရာဝတီမြစ်ကူးတံတားသစ်ကြီးတွေအဖြစ် ဗလမင်းထင်တံတား(မြစ်ကြီးနား)၊ အနော်ရထာတံတား (ချောက်)၊ မကွေးတံတား၊ နဝဒေးတံတား(ပြည်)၊ ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတား၊ ဒေးဒရဲတံတား စုစုပေါင်း **ဧရာဝတီတံတားသစ် ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားသစ်နှစ်စင်း**အဖြစ် ဆင်ဖြူရှင်တံတားနှင့် မုံရွာ တံတား၊ **စစ်တောင်းမြစ်ကူး ရွှေကျင်တံတား** စသည့် နိုင်ငံတော်၏ အဓိကရမြစ်များကို ကျော်လွှားသော တံတားသစ်ကြီးပေါင်း ၁၄ စင်းကို အောင်မြင်စွာတည်ဆောက်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် ဒေသအတွင်းစီးဆင်းသည့် မြစ်ကူးချောင်းကူးတံတားများအဖြစ် ဆက်လက်တည်ဆောက်ခဲ့ရာ တံတားကြီးစာရင်းဝင်တံတားပေါင်း အစင်း ၁၈၀ အထိပင် ရှိပြီဖြစ်သည်။ အဓိကရမြစ်ကူးတံတား ၁၄ စင်းနှင့် ပေါင်းလိုက်ပါက တံတားကြီးပေါင်း ၁၉၄ စင်းရှိသည်။ နည်းလှသည့် အတွေ့အကြုံမဟုတ်၊ တည်ဆောက်ချိန်ကလည်း မြန်သည်။ ၁၆ နှစ်ကျော်ကာလအတွင်း တံတားကြီးပေါင်း ဤရွေ့ဤမျှ တည်ဆောက်နိုင်သည့် စံနှုန်းသည် ကမ္ဘာ့စံချိန်ပဲဟု တပ်အပ်သေချာမပြောနိုင်သော်လည်း မြင့်မားလှသည့်စံချိန် ဖြစ်သည်။ မြန်မာပြည်သူ၊ ပြည်သားများအတွက်မူ သွားရေးလာရေးလက်တွေ့အဆင်ပြေပြီး မြစ်ကူးချောင်းကူးရာ၌ ယခင်ကလို အချိန်ကုန်လူပန်းမဖြစ်ကြရတော့ဘဲ သက်သာမှု၊ လုံခြုံမှု၊ စိတ်ချမ်းသာရမှုတို့ကို အပြည့်အဝခံစားနေရပြီဖြစ်သည်။ ကိန်းဂဏန်းဖြင့် တွက်ချက်ဖော်ညွှန်း၍ မဖြစ်နိုင်သည့် ပြည်သူများခံစားနေရသော အကျိုးဆက်များကို ဧရာဝတီ၊ သံလွင်၊ ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ တံတားများ၌ ထင်သာမြင်သာနေသည်။

**ရထားလမ်းနှင့် ကားလမ်းယှဉ်လျက်ရှိပြီး ၁၁၅၇၅ ပေ ရှည်သည့် မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့် အကြီးဆုံးသံလွင်မြစ်ကူးတံတား(မော်လမြိုင်)ကို တွေ့ရစဉ်။**

ထို့ကြောင့်လည်း တံတားဖွင့်ပွဲ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းကရော အိမ်ရှင် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်ကပါ မော်လမြိုင်တံတားကြီး မတည်ဆောက်နိုင်ခင်အချိန်က ခရီးသွားပြည်သူများအနေဖြင့် ကူးတို့ရေယာဉ်စောင့်ဆိုင်းချိန်၊ မြစ်ကူးချိန်တို့ဖြင့် အချိန်ကုန်ရပုံ၊ ဤဘက်ကမ်း၊ ဟိုဘက်ကမ်းတို့၌ ပစ္စည်းတင်ရချ၊ နေရာလုရ၊ လူပင်ပန်း စိတ်ပင်ပန်းရပုံ၊ ရာသီဥတုပြင်းထန်၊ လှိုင်းလေထန်သည့်ကြားမှ မြစ်ပြင်ကျယ်ကို အန္တရာယ်များစွာဖြင့် ကူးခဲ့ရပုံတို့ကို ထည့်သွင်းပြောကြားသွားခဲ့သည်ကို မှတ်သားလိုက်မိသည်။ သံလွင်မြစ်ကြီးခြားနေမှုကြောင့် ဖြစ်ပေါ်ရသော ထိုအခက်အခဲများသည် ယနေ့ဆိုလျှင် အတိတ်မှာ ကျန်ရစ်ခဲ့ပြီဖြစ်သည်။

မွန်ပြည်နယ်အပါအဝင် ပြည်နယ်/တိုင်းများ၌ တည်ဆောက်ခဲ့သော ပေ ၁၈၀ အထက် တံတားသစ်ကြီးများနှင့် ပြည်နယ်/တိုင်းအလိုက် အကြီးဆုံးတံတားတွေကို ဆန်းစစ်ကြည့်နိုင်သည်။

## ပြည်နယ်/တိုင်းအလိုက်တံတားသစ်ကြီးများ

| စဉ် | ပြည်နယ်/တိုင်း | တံတားသစ်ကြီးပေါင်း | အရှည်ဆုံးတံတား |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၂ | ဗလမင်းထင်တံတား = ၂၆၈၈ ပေ |
| ၂ | ကရင်ပြည်နယ် | ၆ | ဂျိုင်း(ဇာသပြင်)တံတား = ၂၉၀၀ ပေ |
| ၃ | ချင်းပြည်နယ် | ၂ | ကပ်တဲလ်တံတား = ၄၈၀ ပေ |
| ၄ | စစ်ကိုင်းတိုင်း | ၁၇ | ဆင်ဖြူရှင်တံတား = ၄၉၅၇ ပေ |
| ၅ | တနင်္သာရီတိုင်း | ၇ | ကွဲကူး–ကျောက်ဖျာတံတား = ၃၆၁၂ ပေ |
| ၆ | ပဲခူးတိုင်း | ၁၆ | နဝဒေးတံတား = ၄၁၈၃ ပေ |
| ၇ | မကွေးတိုင်း | ၁၅ | မကွေးတံတား = ၈၉၈၉ ပေ |
| ၈ | မန္တလေးတိုင်း | ၈ | ဒုဋ္ဌဝတီရဲရွာတံတား = ၇၁၇.၆ပေ |
| ၉ | မွန်ပြည်နယ် | ၅ | သံလွင်တံတား(မော်လမြိုင်) = ၁၁၅၇၅ ပေ |
| ၁၀ | ရခိုင်ပြည်နယ် | ၃၁ | ကစ္ဆပနဒီတံတား = ၂၅၁၃ ပေ |
| ၁၁ | ရန်ကုန်တိုင်း | ၂၄ | ရန်ကုန်–သန်လျင်တံတား = ၅၉၇၇ ပေ |
| ၁၂ | ရှမ်းပြည်နယ် | ၁၁ | သံလွင်တံတား(တာဆန်း) = ၉၀၀ ပေ |
| ၁၃ | ဧရာဝတီတိုင်း | ၄၀ | ဗိုလ်မြတ်ထွန်းတံတား = ၈၅၄၄ ပေ |
| | စုစုပေါင်း = | ၁၉၄ | |

ထို့ပြင်**နိုင်ငံတော်၏ အရှည်ဆုံးတံတားများအဖြစ်** တန်းစီကြည့်မည်ဆိုက–

၁။ သံလွင်တံတား(မော်လမြိုင်) = ၁၁၅၇၅ ပေ
၂။ မကွေးတံတား = ၈၉၈၉ ပေ
၃။ ဗိုလ်မြတ်ထွန်းတံတား = ၈၅၄၄ ပေ
၄။ ရန်ကုန်–သန်လျင်တံတား = ၅၉၇၇ ပေ
၅။ အနော်ရထာတံတား = ၅၁၉၁ ပေ
၆။ ဆင်ဖြူရှင်တံတား = ၄၉၅၇ ပေ
၇။ ချင်းတွင်းတံတား(မုံရွာ) = ၄၇၀၀ ပေ
၈။ နဝဒေးတံတား = ၄၁၈၃ ပေ
၉။ ဒေးဒရဲတံတား = ၄၀၈၈.၃ ပေ
၁၀။ အောင်ဇေယျတံတား = ၃၇၈၆ ပေ
၁၁။ မဟာဗန္ဓုလတံတား = ၃၆၄၃ ပေ
၁၂။ ကွဲကူး–ကျောက်ဖျာတံတား = ၃၆၁၂ ပေ
၁၃။ လှိုင်တံတား(ရွှေပြည်သာ) = ၃၄၁၆ ပေ
၁၄။ ဝါးခယ်မတံတား = ၃၀၂၀ ပေ
၁၅။ ဂျိုင်း(ဇာသပြင်)တံတား = ၂၉၀၀ ပေ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☀



# အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ခံစားသလို တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျေပွန်အောင်ဆောင်ရွက်

❍ နိုင်မာသည့်မှ

အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအား ယခုကဲ့သို့ စုံစုံညီညီ ပြန်လည်တွေ့ဆုံရသည့်အတွက်လည်း အထူးပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်ဟု ပြောကြားလိုပါကြောင်း။

၂၀၀၄ ခုနှစ် မေ ၁၇ ရက်နေ့တွင် ပြန်လည်စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း။

## ဆက်လက်ဆောင်ရွက်ရမည်

ယခုကျင်းပမည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်း ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို အတည်ပြုနိုင်ရန်နှင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း။

ယခုအမျိုးသားညီလာခံကို ပြန်လည်ကျင်းပရာတွင်လည်း ၂၀၀၄ခုနှစ် မေလ၌ကျင်းပခဲ့သည့် အမျိုးသားညီလာခံကိုတက်ရောက်ခဲ့ကြသော ကိုယ်စားလှယ်များ စာရင်းအတိုင်း ပြန်လည်ဖိတ်ကြားခဲ့ပါကြောင်း၊ သို့သော်လည်း ၎င်းကိုယ်စားလှယ်များထဲမှ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့် ညီလာခံကိုယ်စားလှယ်နေရာများကို အစားထိုးရွေးချယ်ခဲ့ရသည့်အတွက် ကိုယ်စားလှယ်အသစ်များလည်း ပါဝင်လာကြပါကြောင်း၊ ပြီးခဲ့သည့် အမျိုးသားညီလာခံ၌ ကိုယ်စားလှယ်ကြီးများအနေဖြင့် ညီလာခံလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို အသိစိတ်နှင့်ယှဉ်ပြီး လိုက်နာဆောင်ရွက်ခဲ့ကြသည့်အတွက် မည်သည့်အားနည်းချက် အခက်အခဲမှမရှိဘဲ အောင်အောင်မြင်မြင် ပြီးဆုံးခဲ့ပါကြောင်း။

သို့ရာတွင် ယခုညီလာခံ၌ ကိုယ်စားလှယ်အသစ်များအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့် အခြားသိသင့်သိထိုက်သည့် အချက်အလက်များကို သိရှိနိုင်ရန်နှင့် ကိုယ်စားလှယ်ဟောင်းများ အနေဖြင့်လည်း ပြန်လည်သတိရစေရန်အတွက် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်တကွ သွားလာနေထိုင် စားသောက်ရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး၊ ဖြေဖျော်ရေး၊ လုံခြုံရေးစသည့်ကိစ္စများကို အကျဉ်းချုပ်ရှင်းလင်း ပြောကြားသွားမှာဖြစ်ပါကြောင်း။

## လုပ်ထုံးလုပ်နည်း

အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းစာစောင်၌ နိဒါန်းနှင့် အခန်းခုနစ်ခန်း ပါရှိပါကြောင်း၊ အခန်း(၁)တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးနှင့် အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည့် အမျိုးသားညီလာခံ၏ ဦးတည်ချက် (၆)ရပ်ကို ဖော်ပြထားပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ဤအမျိုးသားညီလာခံ ဦးတည်ချက်(၆)ရပ် ဘောင်အတွင်းကနေ ဆွေးနွေးညှိနှိုင်း ဖော်ထုတ်သွားကြရမှာ ဖြစ်ပါကြောင်း။



အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အခန်း(၂)တွင် ယခုကျင်းပမည့် အမျိုးသားညီလာခံ၌ လူထုလူတန်းစားအလွှာ ရှစ်လွှာမှ ကိုယ်စားလှယ်များ စုံစုံညီညီ တက်ရောက်ခွင့်ရှိကြောင်း ဖော်ပြထားပါကြောင်း။

## လိုက်နာကျင့်သုံး

ကိုယ်စားလှယ်ကြီးများအတွက် အမျိုးသားညီလာခံတာဝန်ထမ်းဆောင်ကြရာ၌ တာဝန်နှင့် လုပ်ပိုင်ခွင့်ခုနစ်ရပ်နှင့် အခွင့်အရေးနှင့် ရပိုင်ခွင့်သုံးရပ် သတ်မှတ်ပေးထားပါကြောင်း၊ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ခံစားသလို တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း ကျေပွန်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း ပြောကြားလိုပါကြောင်း၊ ထို့ပြင် ကိုယ်စားလှယ်တော်ကြီးများအတွက် ကျင့်ဝတ်နှင့်စည်းကမ်းများလည်း သတ်မှတ်ထားကြောင်း တွေ့ရပါကြောင်း၊ ၎င်းတို့မှာလည်း တိုင်းပြည်နှင့် လူမျိုးအတွက် အရေးအကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်အောင် ကျင်းပနိုင်ရေးရည်ရွယ်ပြီး သတ်မှတ်ထားရခြင်းဖြစ်သည့်အတွက် ကိုယ်စားလှယ်တော်ကြီးများက သဘောပေါက်နားလည်ခံယူ လိုက်နာကျင့်သုံးသွားကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယင်းသတ်မှတ်ထားသည့် ကျင့်ဝတ်နှင့် စည်းကမ်းများမှာ–

**၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်မှတစ်ပါး အခြားမည်သည့်နိုင်ငံရဲ့ ကျေးဇူးသစ္စာကိုမျှ ခံယူခြင်း မပြုရန်၊**

**၂။ ညီလာခံသဘာပတိအဖွဲ့ သို့မဟုတ် ကိုယ်စားလှယ်အစုအဖွဲ့ သဘာပတိ၏ ညွှန်ကြားချက်များကို လေးစားလိုက်နာရန်၊**

**၃။ ကိုယ်စားလှယ်တစ်ဦး၏သိက္ခာနှင့်လျော်ညီစွာ ဆက်ဆံနေထိုင်ရန်** စသည့် တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များပင်ဖြစ်ကြောင်း။

## သဘာပတိအဖွဲ့

ညီလာခံအစည်းအဝေးများ ကျင်းပသည့်အခါ၌ အစည်းအဝေးများကို ကြီးကြပ်ပေးရန် သဘာပတိအဖွဲ့ လိုအပ်ပါကြောင်း၊ ထို့ကြောင့် သဘာပတိအဖွဲ့ကိုလည်း ၂၀၀၄ ခုနှစ် မေ ၁၇ ရက်တွင် ပြန်လည်စတင်ကျင်းပစဉ် ကတည်းက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ကိုယ်စားလှယ် ငါးဦး၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲ၌ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များမှ ၁၀ ဦး၊ ကျန်အစုအဖွဲ့ ခြောက်ဖွဲ့မှ ကိုယ်စားလှယ် ငါးဦးစီတို့ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွားသည့် သဘာပတိအဖွဲ့ဝင်များအတွက်လည်း ပြန်လည်ရွေးချယ်ပြီး လက်ရှိသဘာပတိအဖွဲ့ကပင် ယခုဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံ အစည်းအဝေးများကို ကြီးကြပ်ပေးသွားရမှာဖြစ်ပါကြောင်း။

အခန်း(၃)တွင် အစည်းအဝေးကျင်းပချိန်၌ ကိုယ်စားလှယ်များအား စိစစ်ခြင်းနှင့် အစည်းအဝေးထမြောက်ခြင်းတို့နှင့် ပတ်သက်ပြီး ဖော်ပြထားပါကြောင်း၊ အမျိုးသားညီလာခံ အစည်းအဝေးများသည် ညီလာခံကိုယ်စားလှယ်အားလုံး၏ ၅၀ ရာခိုင်နှုန်း တက်ရောက်လျှင် အစည်းအဝေးထမြောက်မှာဖြစ်ပါကြောင်း။

ညီလာခံလုပ်ထုံးလုပ်နည်းစာစောင် အခန်း(၄)တွင် ဆွေးနွေးအကြံပြုကြရာ၌ လိုက်နာကြရမည့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါကြောင်း၊ ပထမဦးစွာ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ပြောကြားရမည်ဆိုလျှင် ကိုယ်စားလှယ်များသည် မိမိတို့ဆွေးနွေးအကြံပြုလိုသည့် အချက်များကို မိမိတို့ကိုယ်စားလှယ် အစုအဖွဲ့အတွင်း ဆွေးနွေးပြီး သက်ဆိုင်ရာသဘာပတိအဖွဲ့ထံ တင်ပြရမှာဖြစ်ပါကြောင်း၊ သဘာပတိအဖွဲ့က တူညီသည့် အကြံပြုချက်များကို စုစည်းပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြရမည်ဖြစ်ပါကြောင်း။

ညီလာခံကိုယ်စားလှယ်များအနေဖြင့် မိမိတို့အစုအဖွဲ့၏ အများသဘောတူညီသည့် အကြံပြုချက်စာတမ်းအပြင် မိမိတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အခြားတင်ပြလိုသော အကြံပြုချက်ရှိပါက အစုအဖွဲ့လိုက် ဆွေးနွေးပွဲတွင် ဆွေးနွေးပြီး သဘာပတိအဖွဲ့မှတစ်ဆင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြနိုင်ပါကြောင်း။

နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ် အစုအဖွဲ့များနှင့် တစ်သီးပုဂ္ဂလများ၏ အကြံပြု တင်ပြချက်များသည် သဘောထားကွဲလွဲချက်ရှိနေပါက ယင်းတို့ကို ကျေလည်စေရန် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီက တတ်နိုင်သမျှ ညှိနှိုင်းပြီး လိုအပ်သလိုဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း။

## စုံညီအစည်းအဝေးလုပ်ထုံးလုပ်နည်း

ဆက်လက်ပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေး၏ လုပ်ထုံးလုပ်နည်းများကို ပြောကြားသွားမည်ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြမည့်အစုအဖွဲ့လိုက်က ပြုစုထားသည့် အကြံပြုစာတမ်းများသည် ဆွေးနွေးလိုသည့် အချက်များကို တိကျရှင်းလင်းစွာ ဖော်ပြကြရမှာဖြစ်ပါကြောင်း။

၎င်းအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြမည့် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် နှစ်ဦး၊ သုံးဦးတို့၏ အမည်နှင့်အတူ သတ်မှတ်ပေးထားသည့် အချိန်အတွင်း မိမိတို့အစုအဖွဲ့အလိုက် သဘာပတိထံမှတစ်ဆင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီထံ တင်ပြရမည်ဖြစ်ပါကြောင်း၊ ညီလာခံစုံညီအစည်းအဝေးသို့ တင်သွင်းကြသော စာတမ်းများပါအကြံပြုတင်ပြချက်များအတွင်း သဘောထား ကွဲလွဲချက်များရှိနေပါက ယင်းတို့ကို တတ်နိုင်သမျှ ကျေလည်စေရေးအတွက် ပြန်လည်အကြံပြုသဘောထားပေးနိုင်စေရန် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက လိုအပ်သလို စီစဉ်ပေးသွားမှာဖြစ်ပါကြောင်း၊ မိမိရှင်းလင်းပြောကြားခဲ့သည့် အချက်များသည် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းစာစောင်ပါ အရေးကြီးသော အချက်များ အကျဉ်းချုပ်ဖြစ်ပါကြောင်း၊ ဤလုပ်ထုံးလုပ်နည်းတာဝန်နှင့် ရပိုင်ခွင့် စည်းကမ်းများသည် တိုင်းရင်းသားအားလုံးအကျိုးအတွက် ညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်အောင်၊ ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေး အဖြေရှာနိုင်အောင် မူဘောင်ချမှတ်ပေးသည့်သဘောပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်တော်ကြီးများအားလုံးက နားလည်သဘောပေါက် လိုက်နာကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

## ဖြည့်ဆည်းဆောင်ရွက်ပေးထား

မိမိအနေဖြင့် ကိုယ်စားလှယ်တော်ကြီးများ ညီလာခံကြီး၌ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ တက်ရောက်နိုင်အောင် အုပ်ချုပ်မှုဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးထားမှုများကို ဆက်လက်ပြောကြားလိုပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးများ နေထိုင်ရေး အဆင်ပြေစေရန်အတွက် ယခင်ကအတိုင်း အမျိုးသားဆောင်၊ အမျိုးသမီးဆောင်များ၌ ကိုယ်စားလှယ်လေးဦးကို တစ်ခန်းနှုန်းဖြင့် စီစဉ်ထားရှိပါကြောင်း၊ ထို့အပြင် ရေနှင့်မီးများ၊ ပြည့်စုံလုံလောက်မှုရှိအောင်လည်း ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

ကိုယ်စားလှယ်ကြီးများအတွက် စားရေးသောက်ရေး စီစဉ်ရာ၌လည်း ကျန်းမာရေး မထိခိုက်စေရန်အတွက် အစားအစာများကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိ/မရှိ စစ်ဆေးပြီးမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တာဝန်ထမ်းဆောင်သည့်သူများလည်း ကျန်းမာရေးစစ်ဆေးပြီး ကျန်းမာရေးကောင်းမှသာ တာဝန်ထမ်းဆောင်ခွင့်ပြုထားပါကြောင်း၊ ထို့အပြင် စားသောက်ကောင်းစေရန်အတွက်လည်း ဟင်းလျာအစီအစဉ်များကို ကြိုတင်ရေးဆွဲပြီး လူကြီးများ၏ အတည်ပြုချက်ရယူကာ ချက်ပြုတ်ကျွေးမွေးလျက်ရှိပါကြောင်း၊ ဘာသာရေးနှင့်အညီ စားသောက်နိုင်စေရန်နှင့် အသက်သတ်လွတ်စားလိုသူများ စားနိုင်စေရန်အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါကြောင်း။

## ကျန်းမာရေး

ယခုအချိန်အခါသည် ပွင့်လင်းရာသီဖြစ်သည့်အတွက် ညောင်နှစ်ပင်စခန်းရှိ လမ်းများပေါ်၌ ကိုယ်စားလှယ်ကြီးများအနေဖြင့် နံနက်ခင်း၊ ညနေခင်းများတွင် လမ်းလျှောက်ခြင်း၊ ပြေးခုန်ခြင်းစသည့် ကျန်းမာရေးလေ့ကျင့်ခန်းများ လေ့ကျင့်နိုင်သကဲ့သို့ အားကစားခန်းမအတွင်း၌လည်း ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ကိုယ်ကာယလေ့ကျင့်ခန်းစသည့် အားကစားနည်းများအပြင် ဂေါက်သီးရိုက် လေ့ကျင့်ကွင်း၌လည်း ဂေါက်ရိုက်လေ့ကျင့်နိုင်ရန် စီစဉ်ထားပါကြောင်း၊ ထို့အပြင် ကိုယ်စားလှယ်ကြီးများ၏ ကျန်းမာရေးအတွက်လည်း ညောင်နှစ်ပင်စခန်းအတွင်း ဆေးရုံတစ်ရုံကို ၂၄ နာရီပတ်လုံး တာဝန်ကျဆရာဝန်၊ ဆရာမများ ဆေးဝါးကိရိယာများအစုံအလင်ဖြင့် ဖွင့်လှစ်ပေးထားပါကြောင်း၊ အထူးကုသမားတော်ကြီးများ လာရောက်ကုသပေးရန်အတွက်လည်း စီစဉ်ထားရှိပါကြောင်း၊ အကယ်၍ တပ်မတော်ဆေးရုံကြီး၌ တက်ရောက်ကုသရန်လိုအပ်လျှင်လည်း ကုသနိုင်ရန်အတွက်ပါ တစ်ပါတည်းဆောင်ရွက်ထားကြောင်း အသိပေးလိုပါကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●

✲ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

စသည်ဖြင့် တွေ့မြင်ရမှာဖြစ်သည်။ ဤကဲ့သို့ လက်စွမ်းလက်စပြောင်မြောက်စွာဖြင့် တံတားကြီးများကို ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်နိုင်သည့်အတွက်လည်း ကမ္ဘာ့အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၊ အာဆီယံဒေသဆိုင်ရာ အင်ဂျင်နီယာအဖွဲ့ချုပ်တို့ကပင် အလေးထားအသိအမှတ်ပြုလာရသည်။

ဤသည်မှာ နိုင်ငံတော်နှင့် အတတ်ပညာရှင်တို့၏ တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်မှု၊ ကြိုးပမ်းကြဆအားထုတ်မှုတို့၏ အကျိုးရလဒ်များပင်ဖြစ်ရာ တစ်မျိုးသားလုံးအနေဖြင့် ဝမ်းသာလိုက်လှဲဂုဏ်ယူကြရမည့် အောင်ပွဲခံမှုများ ဖြစ်သည်။ ဤသို့ မိမိလူမျိုး၏ အရည်အသွေးနှင့် စိတ်ဓာတ်စံနှုန်းတို့ မြင့်မြင့်မားမား မှတ်ကျောက်တင်နိုင်မှုအပေါ် ကိုယ်တိုင်ကိုယ်ကျ အားပေးပျိုးထောင်ခဲ့သည့် နိုင်ငံတော်အကြီးအကဲအနေဖြင့် ဆိုဖွယ်ရာမရှိ၊ ဂုဏ်ယူပီတိဖြစ်နေမည်မှာ အမှန်ပင်ဖြစ်သည်။ မော်လမြိုင် သံလွင်တံတားကြီးကို နံနက်ပိုင်း၊ ညနေပိုင်း၊ ညပိုင်းတို့၌ ထပ်ခါထပ်ခါ ဖြတ်သန်းကြည့်ရှုခံစားသည်။ ကျိုက်သလွံဘုရားရင်ပြင်ပေါ်မှလည်း ဝမ်းသာအားရကြည့်ရှုသည်။

ကြည့်ရှုခံစားစရာ တံတားများသည် မော်လမြိုင်မြို့ပတ်ဝန်းကျင်၌ သံလွင်တံတားကြီးအပြင် အတ္တရံတံတား၊ ဂျိုင်း(ဇာသပြင်)တံတားတို့လည်းရှိသည်။ ယင်းတံတားများကြောင့် မော်လမြိုင်နှင့် ဘားအံ တစ်နာရီကျော်မျှအတွင်း မြန်မြန်ဆန်ဆန်ကူးလူးသွားလာနိုင်သည်။ တနင်္သာရီတိုင်းနှင့်ဆိုလျှင် မော်တော်ကားဖြင့်ရော၊ ရထားဖြင့်ပါ သွားလာ၍ရနေပြီဖြစ်သည်။ တည်ဆောက်နေသော စစ်တောင်းမြစ်ကူး မုပ္ပလင်တံတားသစ်ပြီးသွားလျှင် ခရီးသွားလာမှု ပို၍အဆင်ပြေ လာမှာဖြစ်သည်။ ထို့ကြောင့် မော်လမြိုင်သည် သံလွင်မြစ်တစ်ဖက်ကမ်း၌ ကူးသန်းသွားလာရာ အချက်အချာကျသည့် မြို့ကြီးအဖြစ် စည်ကားလာဦးမှာ ဖြစ်သည်။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက မော်လမြိုင်မြို့၏ တိုးတက်ဖွံ့ဖြိုးမည့်ရေ့အလားအလာကို တွက်ဆ၍ ဘူတာသစ်ကြီးကိုတည်ဆောက် စေသကဲ့သို့ မော်တော်ယာဉ်ရပ်နားစခန်း မြေနေရာကိုလည်း ရှာဖွေခိုင်းထားသည်။ နိုင်ငံတော်အပိုင်းက ပံ့ပိုးစရာ၊ လုပ်ပေးစရာရှိသည်များကို ပြည်ထောင်စုကြီးအတွင်း ကျောသားရင်သားမခြား လုပ်ကိုင်ပေးနေသည်ဖြစ်ရာ မွန်ပြည်နယ်သားများကလည်း အလုပ်လုပ်၍ ကုန်ထုတ်လုပ်မှုတိုးမြှင့်အောင် ဆောင်ရွက်ကြရန်လိုသည်။ မိမိပြည်နယ်တွင်းရှိ ရေမြေသယံဇာတများကို တီထွင်ကြံဆမှုများဖြင့် အပြည့်အဝ ဖော်ထုတ်အသုံးချကြရန် အရေးကြီးသည်။ ရော်ဘာပြည်နယ်၊ ငရုတ်ကောင်းပြည်နယ်အဖြစ် ဝင်ငွေတိုးအောင် မြှင့်တင်သွားကြရန်ဖြစ်သည်။

**ဤသံလွင်မြစ်ကူး မော်လမြိုင်တံတားကြီး တည်ဆောက်နိုင်ခြင်းသည် အခြေခံအားဖြင့် စည်းလုံးညီညွတ်မှုအင်အား၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အင်အားတို့ရှိ၍ဖြစ်ရာ ယင်းအင်အား နှစ်ရပ်ကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်ထိန်းသိမ်းနိုင်ရမှာဖြစ်ကြောင်း၊ ယင်းအင်အားနှစ်ရပ်ဖြင့် တိုင်းပြည်၌ ကြုံတွေ့ရသော အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်ကြောင်း နိုင်ငံတော်အကြီးအကဲက ရှင်းလင်းစွာ လမ်းညွှန်မှုအလင်းရောင်ပေးထားပြီးဖြစ်သည်။ ဤအလင်းရောင်သည် ပြည်ထောင်စုကြီး၏ အကြီးဆုံး၊ အရှည်ဆုံး၊ အလှဆုံး၊ ဂုဏ်အယူရဆုံး တံတားအောင်ပွဲမှတစ်ဆင့် တစ်မျိုးသားလုံးအတွက် ပေါ်ထွက်လာသော အလင်းရောင်ပင်ဖြစ်ရာ မွန်ပြည်နယ်မှာ နေထိုင်သည့် တိုင်းရင်းသားတွေအပါအဝင် ပြည်ထောင်စုကြီး၏ သွေးချင်းသားချင်း ညီအစ်ကို တိုင်းရင်းသားလူမျိုးအားလုံးအတွက် လျှောက်လှမ်းရမည့် လမ်းကြောင်းမှန်ကို ထွန်းလင်းဖော်ညွှန်းလျက်ရှိပါသည်။ ။**

# မိမိတို့နိုင်ငံအတွက် ကာကွယ်ရေးနှင့် လုံခြုံရေးသည် အလွန်အရေးကြီး ခေတ်မီပြီး အင်အားတောင့်တင်းခိုင်မာသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ရန်လို

☆ စာမျက်နှာ ၅မှ

ပတ်သက်၍ မိမိတို့ပါတီအနေဖြင့် ဆွေးနွေးလေ့လာသုံးသပ်ရာတွင် ယင်းကဏ္ဍအောက်တွင် ပါဝင်သောကိစ္စရပ်များအားလုံးသည် ပြည့်ပြည့်စုံစုံနှင့် သင့်လျော်ကောင်းမွန်မှုရှိကြောင်း တွေ့ရပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က "နိုင်ငံတော်လုံခြုံရေးသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို တစ်နိုင်ငံလုံးအတိုင်းအတာအရ လုံခြုံမှုရှိအောင် မလွဲမသွေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးနှင့် လုံခြုံရေးအင်အား တောင့်တင်းပါမှ တိုင်းတစ်ပါးကျူးကျော် နယ်ချဲ့လိုသူများ၏ ရန်စခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျူးကျော်ခြင်းတို့ကို တွန်းလှန်ဖြိုဖျက်နိုင်မည်ဖြစ်ပါကြောင်း၊ ကာကွယ်ရေးနှင့် လုံခြုံရေးအတွက်လိုအပ်သည်မှန်သမျှ ကြိုတင် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအချက်ခုနစ်ချက်ကို ပြည်ထောင်စုဥပဒေပြု စာရင်းတွင် အသေးစိတ်အခြေခံရမည့်မှုအဖြစ် ဖော်ပြသင့်ကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော မြို့(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က

**၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း၊**

**၂။ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊**

**၃။ ဇီဝနှင့်ဓာတု စသည့်လက်နက်များ အပါအဝင် လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊**

**၄။ အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များ၊**

**၅။ စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း၊**

**၆။ နိုင်ငံတော် တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊**

**၇။ ရဲတပ်ဖွဲ့**

တို့အား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ် အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက

**(၁) ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ**

**(၂) နိုင်ငံခြားရေးကဏ္ဍ၊**

**(၃) တရားစီရင်ရေး ကဏ္ဍ**တို့သည် နိုင်ငံတစ်နိုင်ငံလုံး၏ အရေးကိစ္စအတွက် ဆောင်ရွက်ရန် သင့်လျော်သည့် လုပ်ငန်းအခန်းကဏ္ဍများဖြစ်သဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအတွက်လျာထားသည့် အသေးစိတ်အခြေခံရမည့်မှု ခုနစ်ချက်၊ နိုင်ငံခြားရေးကဏ္ဍအတွက် လျာထားသည့် အသေးစိတ်အခြေခံရမည့် မှုခုနစ်ချက်၊ တရားစီရင်ရေးကဏ္ဍအတွက် လျာထားသည့် အသေးစိတ်အခြေခံရမည့် မှု ၁၁ ချက်တို့သည် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့အတွက် ဥပဒေပြုဖို့ လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြထားခြင်းသည် မှန်ကန်သင့်လျော်သည်ကို တွေ့ရှိရပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံအတွက် ကာကွယ်ရေးနှင့် လုံခြုံရေးသည် အလွန်အရေးကြီးသဖြင့် ခေတ်မီပြီး အင်အားတောင့်တင်း ခိုင်မာသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရန် လိုအပ်ပါကြောင်း၊ ဤကဏ္ဍနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားသည့်အထဲတွင် ပြီးပြည့်စုံစွာ ရှင်းလင်းပြောကြားထားပြီးဖြစ်ပါကြောင်း။

၎င်းအချက် ခုနစ်ချက်ကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ် အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ဤကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက နိုင်ငံတော်လုံခြုံရေးသည်လည်း အလွန်အရေးကြီးလှပါကြောင်း၊ နိုင်ငံတော်တွင် လုံခြုံမှုရှိမှသာ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုရှိပြီး အေးချမ်းသာယာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကြောင်းကိစ္စများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းဖော်ပြချက်များကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရန်အသေးစိတ် အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်သည့် 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ထိုသို့ နိုင်ငံတော်တွင် ခိုင်မာတောင့်တင်းသော ကာကွယ်ရေးအင်အားရှိရန် တစ်မုဟုတ်ချင်း ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သည်များကို ကြိုတင် စီမံပြင်ဆင်ကြရမည်ဖြစ်ကြောင်း၊ ဥပဒေပြုဖို့ လိုအပ်လာလျှင် ဥပဒေများ ပြဋ္ဌာန်းကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်းနှင့်ပတ်သက်ပြီး ဥပဒေပြုဖို့လိုအပ်လာသည့်အခါ ဥပဒေများ ပြဋ္ဌာန်းပေးနိုင်ဖို့အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည်ကို လေ့လာတွေ့ရှိရကြောင်း။

ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် စီမံပြင်ဆင်ရာတွင် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ စက်မှု လက်မှုလုပ်ငန်းကိုလည်း လိုအပ်သလိုတည်ထောင် ဆောင်ရွက်ရမည်ဖြစ်၍ နိုင်ငံတော်ကာကွယ်ရေးအတွက် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများနှင့်ပတ်သက်ပြီး ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးသည် ဆက်စပ်လျက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်သည် ပြည်ပမှ ကျူးကျော်လာမည့်အန္တရာယ်များကို ကာကွယ်ရမှာဖြစ်သကဲ့သို့ ပြည်တွင်းတွင်လည်း ပြည်သူများ၏ လုံခြုံရေးကိုလည်း ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်ပါကြောင်း၊ ဤသို့ ကာကွယ်စောင့်ရှောက်နိုင်ရန် ဇီဝနှင့်ဓာတုစသည့် လက်နက်များအပါအဝင် လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများနှင့်ပတ်သက်၍ တိကျစွာထိန်းချုပ်ပေးမည့်ဥပဒေရှိရန် လိုအပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဤကိစ္စအတွက် ဥပဒေပြုဖို့ လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ယခုအခါ နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ အရပ်ဘက်ဆိုင်ရာနှင့် စစ်ဘက်ဆိုင်ရာတို့တွင် အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်တို့ကို အသုံးပြုလျက် ရှိနေကြပါကြောင်း။

အဆိုပါ အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူ ရောင်ခြည်တို့သည် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များကတစ်ဆင့် ရရှိကြခြင်းဖြစ်ပြီး အဆိုပါ အဏုမြူ စွမ်းအင်၊ လောင်စာ၊ ရောင်ခြည်နှင့် ယင်းတို့ကိုဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များကို မှန်ကန်စွာ ထိန်းချုပ်အသုံးမပြုနိုင်ပါက ပြည်သူတို့အတွက် ဆိုးကျိုးအန္တရာယ်များ ဖြစ်ထွန်းနိုင်သည်ကို လူထုဆက်သွယ်ရေးဌာနများမှတစ်ဆင့် နေ့စဉ်မြင်တွေ့ကြားသိနေရပါကြောင်း၊ အဆိုပါ အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကိုဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များကို နိုင်ငံတော်အဆင့်ကသာ ထိန်းချုပ်ရန် လိုအပ်သည့်အတွက်ကြောင့် ယင်းတို့နှင့်ပတ်သက်ပြီး ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်းတို့ကို သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းဖြစ်သည့် လွှတ်တော်များကိုသာ အပ်နှင်းလေ့ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ မလွဲမရှောင်သာလို့ စစ်ဖြစ်ပွားသည့်အခါတွင် စစ်ပြေငြိမ်းခြင်းရှိနိုင်သကဲ့သို့ နိုင်ငံအချင်းချင်း သဘောတူညီချက်အရ စစ်ပြေငြိမ်းခြင်းရှိနိုင်သကဲ့သို့ နိုင်ငံတစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ကြားဝင်ဖျန်ဖြေပေးမှုကြောင့် စစ်ပြေငြိမ်းမှုများရှိနိုင်ပါကြောင်း၊ ဤကိစ္စများသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သောကိစ္စရပ်ဖြစ်သည့်အတွက်ကြောင့် ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

နိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီးဖြစ်လာအောင် ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးတွင် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် လုံခြုံရေး စနစ်တကျရှိရန် အရေးကြီးလိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဤလိုရှိဖို့ ဥပဒေပြုဖို့ လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။



**အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသား ညီလာခံ ကိုယ်စားလှယ်များအားတွေ့ရစဉ်။** (သတင်းစဉ်)



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားတွေ့ရစဉ်။** (သတင်းစဉ်)

➪ **စာမျက်နှာ ၉မှ**

နိုင်ငံတော်လုံခြုံမှုရှိမှသာ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းမှသာ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုတစ်ဝန်းလုံးအတွက် အထူးလိုအပ်သည့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က “မိမိတို့နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ စဉ်းစားသည့်အခါတွင် သတိမလစ်ရမည့်အချက်တစ်ခုမှာ ကိုယ်စားလှယ်တော်ကြီးများလည်း သတိထားမိကြပြီးဖြစ်သည့် အစွန်းရောက်သမားများ၏ အကြမ်းဖက်ဝါဒပင်ဖြစ်ပါကြောင်း၊ ထိုအကြမ်းဖက်ဝါဒကလည်း တစ်ကမ္ဘာလုံးလိုလို ပျံ့နှံ့နေသည်ဖြစ်ပါကြောင်း။

ထိုသို့ အကြမ်းဖက်သည့် ကိစ္စမျိုးများကို မပေါ်ပေါက်အောင် ထမ်းဆောင်ရမည့် တာဝန်သည် မိမိတို့ နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်ပါကြောင်း။



အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

စီမံပြင်ဆင်ခြင်း၊ စစ်တွင်းကာလတွင် စစ်အောင်နိုင်ရေးနှင့် စစ်အပြီးတွင် စစ်တပ်များကို ထိရောက်စွာ ဖျက်သိမ်းနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ခြင်းတို့ ပါဝင်သော ပြည်ထောင်စုနိုင်ငံနှင့်တကွ၊ ပြည်ထောင်စုနိုင်ငံ၏ တစ်စိတ်တစ်ပိုင်းများ၏ ကာကွယ်ရေးဟု ဖော်ပြခဲ့ရာ အလွန်ဆီလျော်သင့်မြတ်မှန်ကန်လှပါကြောင်း။

**စီမံဆောင်ရွက်စမြဲ**

ထို့ကြောင့် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရန်သင့်သည့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာအကြောင်းကိစ္စများနှင့်ပတ်သက်ပြီး အသေးစိတ်အခြေခံသင့်သည့် မူများအဖြစ် အချက် (၇)ချက်သည် အမှန်တကယ်ဆောင်ရွက်သင့်သော အခြေခံမူများဖြစ်ကြောင်း တွေ့ရှိရပါကြောင်း၊ ကမ္ဘာပေါ်ရှိ တိုးတက်နေသော နိုင်ငံတိုင်းလိုလိုတွင် နိုင်ငံတော် ကာကွယ်ရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာကို ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော နိုင်ငံတော်၏ အမြင့်ဆုံးဖြစ်သည့် ပြည်ထောင်စုလွှတ်တော်က စီမံဆောင်ရွက်ကြစမြဲဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြထားသော နိုင်ငံတော် ကာကွယ်

# တိုင်းရင်းသားအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ အပေါင်းလက္ခဏာအင်အားစုများ ဆိုလျှင်ရေနောင်တွင်လည်း နိုင်ငံတော်၏ အကျိုးပြုအင်အားစုများအဖြစ် ထားရှိသင့်ကြောင်း တင်ပြ



အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား တွေ့ရစဉ်။ (သတင်းစဉ်)

မိမိတို့ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် အထက်က မိမိတင်ပြသွားသည့် အချက်များ၊ ဖြစ်ရပ်မှန်များကို အထောက်အထားပြုပြီး ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို တစ်နိုင်ငံလုံးမှာရှိသည့် ပြည်ထောင်စုတိုင်းရင်းသား ကိုယ်စားလှယ်များပါဝင်သော ပြည်ထောင်စုလွှတ်တော်ကသာ ဥပဒေပြုနိုင်သည့် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံမူများ ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါတယ်။

**ရေတိုရေရှည်မျှော်မှန်း**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်ကာကွယ်ရေးကို ရေတိုရေရှည်မျှော်မှန်းပြီး လိုအပ်သည့် အစီအမံများ ချမှတ်ထားရှိခြင်း၊ အခါမလပ် လေ့ကျင့်သား ပြည့်ဝနေအောင် ဆောင်ရွက်နေရခြင်း၊ အချိန်အခါနှင့်အညီ တက်ကြွသွက်လက်ပြီး တောင့်တင်း ခိုင်မာစွာ ဖွဲ့စည်းရပ်တည်သွားရမည့် စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော်ကြီးတစ်ခု ဖြစ်လာစေရေး၊ ရေပက်မဝင်သည့် ဥပဒေပြဋ္ဌာန်းမှုများနှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စရပ်များကို ဥပဒေပြုရန်လိုအပ်ပါက ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် အောက်ပါအကြောင်းကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းသည့်အခါ လျော်ကန်သင့်မြတ်သလို ထည့်သွင်းဖော်ပြသင့်ပါကြောင်း အကြံပြုအပ်ပါကြောင်း။

(၁)ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်းပြုရာ၌ အကြမ်းဖက်မှုနှင့် အကျပ်ကိုင်မှုများ ကာကွယ်ဟန့်တားရေး၊

(၂)ဇီဝနှင့်ဓာတုစသည့် လက်နက်များအပါအဝင် လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ ဥပဒေပြဋ္ဌာန်းရာတွင် သမားရိုးကျလက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ၊ သမားရိုးကျမဟုတ်သော နည်းပညာအဆင့်မြင့်မဟာဗျူဟာမြောက်လက်နက်များ ဟူသော အချက်ကို ထည့်သွင်းစဉ်းစားပေးပါရန်၊

(၃) အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များနှင့် စပ်လျဉ်းတဲ့ လုံခြုံရေးအဆင့်မြင့် အရာဝတ္ထုပစ္စည်း၊ နယ်မြေ၊ နည်းပညာ၊ သုတေသန၊ သတင်းအချက်အလက် စသည့် (Highly Classified Material, Objects, Areas, Technologies, Researches, and Information) အထူးလုံခြုံရေးနှင့် ဆိုင်သည့်ကိစ္စရပ်များ၊ ၎င်းတို့ကို ကိုင်တွယ်သုံးစွဲဆောင်ရွက်ရသူများအတွက် ထိခိုက်မှုများ၊ ၎င်းတို့ကို ကိုင်တွယ်သုံးစွဲဆောင်ရွက်ရသူများအတွက် ထိခိုက်မှုများဖြစ်ပေါ်လာပါက ကရုဏာကြေး၊ နစ်နာကြေး၊ အာမခံကြေးများကို ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

**ဖြည့်ဆည်းပြဋ္ဌာန်း**

ခေတ်မီတိုးတက်သည့် အချို့သောနိုင်ငံများတွင် Information and Communication Technology ကဲ့သို့သော ဥပဒေမျိုးများကို ဖြည့်ဆည်းပြဋ္ဌာန်းလာလျက်ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ရေရှည်မျှော်မှန်းပြီး ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ICT နှင့် ICT ခေတ်လွန်နည်းပညာဆိုင်ရာများကို သင့်တော်သလို စဉ်းစားနိုင်ပါရန် တင်ပြအပ်ပါကြောင်း။

လုံခြုံရေးဆိုင်ရာဥပဒေများ ပြဋ္ဌာန်းထိန်းချုပ်သကဲ့သို့ သင်ကြားရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ စစ်ဘက်ဆိုင်ရာလုပ်ငန်းများတွင် မလွဲမသွေကိုင်တွယ်အသုံးပြုသူများအတွက် ကျန်းမာရေးကိုလည်း ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များကို လေ့လာကိုင်တွယ်သုံးစွဲသူများအတွက် အသုံးပြုသောအချိန်၊ ရောင်ခြည်အမျိုးအစား၊ ပြင်းအားနှင့် အနီးအဝေးကိုလိုက်၍ ကျန်းမာရေးများ ထိခိုက်တတ်သဖြင့် လုပ်ငန်းခွင် မလွဲမရှောင်သာကိုင်တွယ်ထိတွေ့ရသူများကို ကရုဏာကြေး၊ နစ်နာကြေး၊ အာမခံကြေးနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရာတွင် ထည့်သွင်းသင့်ကြောင်း အကြံပြုအပ်ပါကြောင်း အကြံပြု တင်ပြသွားပါကြောင်း။

**ထောက်ခံဆွေးနွေး**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ပါ အချက် (၇)ချက်အပေါ် ထောက်ခံဆွေးနွေး သွားသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က စစ်အေးကာလတိုက်ပွဲများပြီးဆုံးချိန်မှစ၍ နိုင်ငံစုံအရေးပါမှု (Multipolar System) ဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း တစ်ခုတည်းသော အင်အားကြီးနိုင်ငံစနစ် (Unipolar System) ဖြစ်ပေါ်လာခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို အလေးထားရမည့် အခြေအနေကို ရောက်ရှိခဲ့ပါကြောင်း၊ ဒေသတွင်း စည်းလုံးညီညွတ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် မိမိနိုင်ငံ၏ အင်အားကို မိမိအားကိုးရေး၊ မိမိတပ်မတော်အင်အား တောင့်တင်းခိုင်မာရေးတို့ လိုအပ်လာပါကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် ရေးကဏ္ဍတွင်ပါဝင်သည့် အချက်များသည် ကျိုးကြောင်းဆီလျော်သင့်မြတ်ပါသဖြင့် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းခြင်းအား ထောက်ခံကြောင်း တင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍနှင့်ဆက်စပ်ပြီး ငြိမ်းချမ်းရေးလက်နက်ကိုင်တပ်ဖွဲ့များ၏ အနာဂတ်ရေးကိစ္စကိုအနည်းငယ်ဆွေးနွေးအကြံပြုလိုပါကြောင်း။

**အကျိုးပြုနိုင်**

ယနေ့နိုင်ငံတော်နှင့် ငြိမ်းချမ်းရေး ရယူထားသည့် တိုင်းရင်းသားအဖွဲ့အစည်းများသည် ဒေသတည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ နိုင်ငံတော်ကာကွယ်ရေး စသည်တို့တွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းအောင်မြင်မှုများ ရရှိခဲ့သည့်အပြင် ပြည်ထောင်စုကိုလည်း အကျိုးပြုနိုင်ကြောင်း တွေ့ရှိခဲ့ရပါကြောင်း။

ထို့ကြောင့် ဤတိုင်းရင်းသားအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ အပေါင်းလက္ခဏာအင်အားစု အဖွဲ့အစည်းများကို ဆိုရင်လည်းရပါကြောင်း၊ ဤတိုင်းရင်းသားလက်နက်ကိုင်အင်အားစုများကို ဒေသတည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက်နှင့် နောင်တွင်လည်း နိုင်ငံတော်၏ အကျိုးပြုအင်အားစုအဖြစ် ထားရှိသင့်ကြောင်း တင်ပြအပ်ပါကြောင်း။

၁၉၉၃ခုနှစ် အမျိုးသားညီလာခံကြီးက ချမှတ်ပြီးသည့် အခြေခံမူများမှ အချက်တစ်ချက်ဖြစ်သည့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့်အတွက် ဤတိုင်းရင်းသားလက်နက်ကိုင် အင်အားစုအဖွဲ့အစည်းများကို နောင်အနာဂတ်တွင်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ စီမံခန့်ခွဲမှုအောက်တွင် သင့်လျော်သည့်အစီအမံများဖြင့် ထားရှိဆောင်ရွက်ပေးပါရန် အကြံပြုလိုပါကြောင်း။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ☆

**နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ စဉ်းစားသည့်အခါတွင် သတိမလစ်ရမည့်အချက်တစ်ခုမှာ ကိုယ်စားလှယ်တော်ကြီးများလည်း သတိထားမိကြပြီးဖြစ်သည့် အစွန်းရောက်သမားများ၏ အကြမ်းဖက်ဝါဒပင်ဖြစ်၊ ထိုအကြမ်းဖက်ဝါဒကလည်း တစ်ကမ္ဘာလုံးလိုလို ပျံ့နှံ့နေသည်ဖြစ်၊**

**ထိုသို့အကြမ်းဖက်သည့်ကိစ္စမျိုးများကိုမပေါ်ပေါက်အောင် ထမ်းဆောင်ရမည့် တာဝန်သည် မိမိတို့ နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်၊**

● **စာမျက်နှာ ၇ မှ**

ထို့အပြင် ကိုယ်စားလှယ်ကြီးများ အပန်းဖြေရေးအတွက် အဆောင်များ၌ ရုပ်မြင်သံကြားများ စီစဉ်ထားရှိပေးထားသကဲ့သို့ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက်လည်း သတင်းစာ၊ ဂျာနယ်များ ထားရှိရုံသာမက စာအုပ်အရောင်းဆိုင်နှင့် အငှားဆိုင်များပါ ဖွင့်လှစ်ပေးထားပြီးဖြစ်ပါကြောင်း၊ ယခုအချိန်အခါသည် မိုးလေဝသကင်းစင်သည့်ရာသီဖြစ်သည့်အတွက် အသစ်ဆောက်လုပ်ပြီးဖြစ်သော လဟာပြင်ဇာတ်ရုံ၌ Stage Show၊ အငြိမ့်၊ ပဒေသာကပွဲ၊ ရုပ်ရှင်၊ ဒီဗွီဒီများဖြင့် ဖြေဖျော်တင်ဆက်သွားရန်လည်း စီစဉ်ထားပါကြောင်း။

**ဖွင့်လှစ်ပေးထား**

ထို့အပြင် ကိုယ်စားလှယ်ကြီးများ လိုအပ်မည့်ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာန အရောင်းဆိုင်နှင့် G.E.Cအရောင်းဆိုင်များ ဖွင့်လှစ်ထားသကဲ့သို့ ဆံပင်ညှပ်ဆိုင်၊ အလှပြင်ဆိုင်၊ ခဝါဆိုင်၊ မျက်မှန်ဆိုင်၊ စားသောက်ဆိုင်စသည့် ဆိုင်များကိုလည်း ဖွင့်လှစ်ပေးထားပါကြောင်း။

**သွားလာရေး**

သွားလာရေး အဆင်ပြေစေရန်လည်း စီစဉ်ဆောင်ရွက်ထားသကဲ့သို့ စာတိုက်၊ တယ်လီဖုန်း၊ ဖက်စ်စသည့် ဆက်သွယ်ရေးဆိုင်ရာများကိုလည်း ပြည့်စုံအောင်စီစဉ်ထားရှိပါကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာအောင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားညီလာခံသည် ပထမဆုံးနှင့် ပဓာနအကျဆုံး မူဝါဒလမ်းစဉ်ပင်ဖြစ်ပါကြောင်း၊ ဤညီလာခံကြီးကို မြန်မာတစ်နိုင်ငံလုံးမှာရှိသည့် လူထုလူတန်းစားအလွှာအသီးသီးက ကိုယ်စားလှယ်များသည် တိုင်းချစ် ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်နှင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး တက်ရောက်ဆွေးနွေးအကြံဉာဏ်များပေးလျက်ရှိနေကြပါကြောင်း။

ဤကဲ့သို့အခြေအနေကို မနာလိုမရှုဆိတ် မကြည့်မမြင်လိုသည့် ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများက ဤညီလာခံကြီး မကျင်းပနိုင်အောင်၊ အောင်အောင်မြင်မြင်ပြီးမြောက်နိုင်ခြင်းမရှိအောင်၊ အခက်အခဲများဖြစ်ပေါ်အောင် ကြံစည်အားထုတ်နေကြသည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

**သမိုင်းမော်ကွန်းတင်**

ယနေ့ မိမိတို့၏ညီလာခံကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသော ညီလာခံဖြစ်သကဲ့သို့ သမိုင်းမော်ကွန်းတင်ရမည့် ညီလာခံလည်းဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများသည်လည်း အနာဂတ်နိုင်ငံတော်၏ ကံကြမ္မာကို တည်ဆောက်နေကြသည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ညီလာခံကြီးကိုသော်လည်းကောင်း၊ ကိုယ်စားလှယ်တော်ကြီးများကိုသော်လည်းကောင်း၊ ကိုယ်စားလှယ်တော်ကြီး တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း မှဲ့တစ်ပေါက်တောင် အစွန်းမခံနိုင်ပါကြောင်း၊ မည်သည့်အန္တရာယ် တစ်စုံတစ်ရာဖြစ်တာမျှ လက်မခံနိုင်ပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၏ အဖွင့်မိန့်ခွန်းတွင် ပြောကြားထားသည့်အတိုင်း လောကသဘာဝအရ အဖျက်သမားတွေ၊ အဖျက်အမှောင့်လုပ်ရပ်တွေ ရှိနေစမြဲဖြစ်ပါကြောင်း၊ ထို့ကြောင့် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စများကို အထူးကြပ်မတ်ဆောင်ရွက်ထားရှိရခြင်းဖြစ်ပါကြောင်း။

**အစွမ်းကုန်ကူညီ**

ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် မရှင်းလင်းသည်များ၊ သိလိုသည်များ ရှိလျှင်လည်း နောက်ပိုင်း၌ အချိန်မရွေး စုံစမ်းမေးမြန်းနိုင်ပါကြောင်း၊ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေး၊ ကိုယ်ရေးကိုယ်တာကိစ္စများအပါအဝင် မည်သည့်အခက်အခဲမဆို မိမိတို့ တာဝန်ရှိသူအားလုံးက အစွမ်းကုန် ကူညီဆောင်ရွက်ပေးပါမည်ဟု ပြောကြားလိုပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးများအနေဖြင့်လည်း ညီလာခံကာလအတွင်း၌ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများရရှိအောင် အကြံကောင်း ဉာဏ်ကောင်းများစွာဖြင့် အစွမ်းကုန်ညီညွှတ်စွာ ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

**အမှတ် (၁၃၀) ၁၆လမ်း လမ်းမတော်မြို့နယ်နေ ဦးကျိုက်ဟင်း-ဒေါ်ကင်လျှံ၊ သားသမီး၊ မြေးတစ်စုက အလှူငွေ ကျပ်တစ်သိန်းငါးသောင်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ စာရေးဆရာမ ဒေါ်သန်းမြင့်အောင် (အမျိုးသားစာပေဆုရ) လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)



# နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်များ အမျိုးသားညီလာခံကျင်းပလျက်ရှိသည့် ညောင်နှစ်ပင်စခန်းအတွင်း လှည့်လည်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေါင်းဆောင်ဖြစ်သူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံသံရုံးတို့မှ သံအမတ်ကြီးများ၊ နီပေါနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ သံရုံးတို့မှ သံရုံးယာယီတာဝန်ခံများ၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား အမျိုးသားညီလာခံသို့ တက်ရောက်လေ့လာအပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ပုဂံစားရိပ်သာ၌ ဂုဏ်ပြုလက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

ယင်းနောက် သံတမန်များသည် အမျိုးသားညီလာခံကျင်းပလျက်ရှိသည့် ညောင်နှစ်ပင်စခန်းအတွင်း လှည့်လည်လေ့လာကြပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်သို့ ဝင်ရောက်၍ ဝယ်ယူအားပေးကြသည်။

ထို့နောက် သံတမန်များသည် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အိပ်ဆောင်များ၊ အားကစားခန်းမ၊ ဂေါက်ကွင်းနှင့် ဆေးရုံတို့ကို မော်တော်ယာဉ်များဖြင့် ဆက်လက်လှည့်လည်ကြည့်ရှုလေ့လာကြပြီး နံနက် ၁၀နာရီခွဲတွင် ညောင်နှစ်ပင်စခန်းမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များ အမျိုးသားညီလာခံ ကျင်းပလျက်ရှိသည့် ညောင်နှစ်ပင်စခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

## သမထ ဝိပဿနာ တရားပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာတရားတော်များကို ဓမ္မရသ ရိပ်သာမှ ကမ္မဋ္ဌာန်း နည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အံ့ကြီး)က ဖေဖော်ဝါရီ ၂၂ရက်မှ ၂၈ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအထိ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ပညာရာမိက မဟာ(အေ)တိုက်ရှိ ရတနာရုံသိမ်မှာရုံတွင်လည်းကောင်း၊ မတ် ၁ ရက်မှ ၇ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအထိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတွင်လည်းကောင်း ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်တရား အားထုတ်နိုင်ကြောင်း သိရသည်။ (၂၃)

## ငိုအားထက် ရယ်အားသန်ဟာသဇာတ်ကား ဆက်လက်အောင်ပွဲခံ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ယခုသောကြာပတ်တွင် ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူး၍ လွင်မိုး၊ ဇာဂနာ၊ မင်းဟိဏ်း၊ သျှားညို၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်သည့် **ငိုအားထက်ရယ်အားသန်** ဟာသဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်အောင်ပွဲခံပြသနေသည်။

ဆက်လက်၍ ရှေ့ဆောင်ရုံတွင် **တစ်ခါကရောဝတီညများ**ဇာတ်ကား ရုံတင်ပြသဆဲရှိသည်။ လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ညွန့်ဝင်းတို့ သရုပ်ဆောင်ပါဝင်ကြသည်။

နေပြည်တော်ရုံတွင် King Arthur အမည်ရှိ နိုင်ငံခြားရာဇဝင်ဇာတ်ကား ရုံတင်ပြသနေသည်။

ရွှေဂုန်ရုံမြေညီထပ်တွင် ဒါရိုက်တာ စိုးဝင်းရိုက်ကူး၍ လွင်မိုး၊ စိုးသူ၊ မေသဉ္ဇာဦးတို့ သရုပ်ဆောင်ကြသည့် **ချစ်အဏ္ဏဝါ**ဇာတ်ကား ရုံတင်ပြသနေပြီး ရွှေဂုန်ရုံအပေါ်ထပ်တွင် Krishna အမည်ရှိ အိန္ဒိယဇာတ်ကား ပြသနေသည်။

**ငိုအားထက်ရယ်အားသန်**

**"ငိုအားထက် ရယ်အားသန်" ဟာသဇာတ်ကားမှ လွင်မိုး၊ အိန္ဒြာကျော်ဇင်။**



လာမည့်သောကြာပတ်တွင် ရုံတင်မည့် "ပုဂံပြည်မှ ပန်းနံ့သာ" ဇာတ်ကားမှ နိုင်းနိုင်းနှင့် နန္ဒာလှိုင်။



မြို့မရုံတွင် Dilhai Tumhaara အမည်ရှိ အိန္ဒိယဟာသဇာတ်မြူး ရုံတင်ပြသနေသည်။ ဆုထူးပန်ရုံတွင် Daag အမည်ရှိ အိန္ဒိယအက်ရှင် အချစ်ဇာတ်ကားပြသနေသည်။ ဘုရင်ရုံတွင် Chori Chori Chupke Chupke အမည်ရှိ အိန္ဒိယမေတ္တာဘွဲ့ ဇာတ်ကား ရုံတင်ပြသနေသည်။ (ကြေးမုံ)

## ပုဂံပြည်မှပန်းနံ့သာ ဇာတ်ကားသစ် မကြာမီရုံတင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

လာမည့်သောကြာပတ်တွင် ဒါရိုက်တာမောင်မောင်ဦး(စနိုးဝှိုက်) ရိုက်ကူး၍ နိုင်းနိုင်း၊ နန္ဒာလှိုင်၊ ချိုပြုံး၊ ဆုပန်ထွာတို့ သရုပ်ဆောင်ကြသည့် **ပုဂံပြည်မှ ပန်းနံ့သာ** ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။

ပုဂံမြေကို အခြေခံ၍ ရိုက်ကူးထားသော မေတ္တာဘွဲ့ဇာတ်ကား ဖြစ်သည်။ **(ကြေးမုံ)**

## ဗိုက်ပူမ တစ်ကျော့ပြန်ရုံတင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ယခုသောကြာပတ်တွင် ဒါရိုက်တာ အာရုံသစ်ရိုက်ကူး၍ ကျော်ဟိန်း၊ ရန်အောင်၊ မေကဗျာ၊ မေသန်းနု၊ ဇော်ခင်တို့ ပါဝင်သည့် **ဗိုက်ပူမ** အဆင့်မြင့် ဗီဒီယိုဇာတ်ကား နဝဒေး၊ ရွှေမန်း၊ စံပြ၊ ဝဇီရာ(၂)၊ လှိုင်သာယာရုံများ၌ တစ်ကျော့ပြန်ရုံတင် အောင်ပွဲခံပြသနေသည်။ (ကြေးမုံ)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

**ပဲခူးတိုင်း တောင်ငူမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းတွင် တောင်ငူ-ကျွဲပွဲ-ဇရပ်ကြီးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၉နာရီခွဲတွင် ထန်းတပင်မြို့နယ်ရှိ ဇရပ်ကြီးနယ်မြေခံတပ်ရင်းသို့ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဇရပ်ကြီးတိုက်နယ်ဆေးရုံသို့ သွားရောက်ကြပြီး ဆေးရုံအတွင်း ခွဲစိတ်ခန်းနှင့် အမျိုးသမီးဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုက်နယ်ဆရာဝန် ဒေါက်တာနေဝင်းသွင်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဆေးရုံနှင့်ပတ်ဝန်းကျင် အစဉ်သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဆေးပဒေသာပင် အလှူငွေ တိုးတက်ရရှိရေး၊ လူနာများ စိတ်ချမ်းမြေ့စွာဆေးကုသမှုခံယူနိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဆေးပဒေသာပင် အလှူငွေများအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ငွေကျပ်သုံးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ငွေကျပ်တစ်သိန်းနှင့် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲမြင့်က ငွေကျပ်တစ်သိန်းတို့ကို တိုက်နယ်ဆရာဝန် ဒေါက်တာနေဝင်းသွင်ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဇရပ်ကြီး အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇရပ်ကြီးကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကြသည်။



ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ကင်မွန်းချုံ အခြေခံပညာအထက်တန်းကျောင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

### ဖြည့်စွက်ရှင်းလင်း

ထို့သို့တွေ့ဆုံရာတွင် ဇရပ်ကြီး အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုသိန်းက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဦးရေ၊ သင်ကြားစီမံကိန်းများကို လည်းကောင်း၊ ဇရပ်ကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကိုက ကျေးရွာတည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ စိုက်ပျိုးရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကျောင်းသား၊ ကျောင်းသူများအား ပညာရည် ထူးချွန်ထက်မြက်သူများအဖြစ် ပေါ်ထွန်းစေရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူများနှင့် ရွာသူရွာသားများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ယင်းနောက် ပညာရေး ငွေပဒေသာပင် အလှူငွေများအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ငွေကျပ်သုံးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ငွေကျပ်တစ်သိန်းနှင့် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲမြင့်က ငွေကျပ်တစ်သိန်းတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုသိန်းထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကင်မွန်းချုံကျေးရွာသို့ သွားရောက်ကြပြီး ကင်မွန်းချုံ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကြသည်။

ယင်းနောက် ကင်မွန်းချုံ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြင့်က ကျောင်း၏ သင်ကြားစီမံကိန်းရပ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပဲခူးတိုင်း ပညာရေးမှူး ဦးသုခတို့က ဖြည့်စွက်တင်ပြကြသည်။

ဆက်လက်၍ ကင်မွန်းချုံကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းရွှေက ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားပြီး ပညာရေးငွေပဒေသာပင် အလှူငွေများအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ငွေကျပ်သုံးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ငွေကျပ်တစ်သိန်းနှင့်တောင်ငူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲမြင့်က ငွေကျပ်တစ်သိန်းတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြင့်ထံ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာ အနီးရှိ ဘိုင်းဒါးဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်သို့ ရောက်ရှိကြပြီး အထူးဇုန်မှ စိုက်ပျိုးထွက်ရှိသည့် ဟင်းသီးဟင်းရွက်များကို ကြည့်ရှုကြသည်။

ယင်းနောက် ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိမ်းဌေးက ဘိုင်းဒါးဇုန်၌ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်၊ ခရမ်း၊ နံနံ၊ ဖရုံ၊ ဖရဲ၊ ငရုတ်၊ ကြက်သွန်နီ၊ ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### တိုက်တွန်းမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဒေသနှင့်ကိုက်ညီ၍ ပိုမိုဖြစ်ထွန်းအောင်မြင်မည့် မျိုးကောင်းမျိုးသန့် ဟင်းသီးဟင်းရွက်၊ သီးနှံများကို အောင်မြင်အောင် တိုးချဲ့စိုက်ပျိုးသွားကြရန်နှင့် ရန်ကုန်-မန္တလေးမြို့များသို့ တင်ပို့ရောင်းချနိုင်ရေး တိုက်တွန်းမှာကြားသည်။

အဆိုပါ ဘိုင်းဒါး ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန်သည် ညောင်လေးပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်ကြား၌တည်ရှိပြီး ဧက ၇၈၇၀၌ စိုက်ပျိုး ဆောင်ရွက်လျက်ရှိကာ ဟင်းသီးဟင်းရွက်တန်ချိန် ၆၄၆၈တန်ထုတ်လုပ်လျက်ရန်ကုန်၊မန္တလေး၊ မော်လမြိုင်၊ ဘားအံနှင့်မူဆယ်မြို့များသို့ တင်ပို့နိုင်ခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာ အနီးရှိ ဇောင်းတူ ဆည်ရေသောက်ဧရိယာ နွေစပါးစမ်းသပ်ကွက်နှင့် စံပြကွက် ကွင်းအမှတ် ၅၄၅သို့ ရောက်ရှိကြသည်။

ယင်းနောက် ပဲခူးတိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးအေးမြင့်က ပဲခူးမြို့နယ်အတွင်း ဇောင်းတူဆည်ရေသောက်စနစ်ဖြင့် ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါးစိုက်ပျိုးမှု အခြေအနေများကိုလည်းကောင်း၊ ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမောင်က နွေစပါးနှင့် အခြားသီးနှံများ ရေရရှိမှုနည်းလမ်းအလိုက် စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နွေစပါးနှင့် အခြားသီးနှံများ လျာထားချက်ပြည့်မီစေရန် ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားပြီး နွေစပါးစမ်းသပ်ကွက်၊ စံပြကွက်နှင့် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသည့် နွေစပါးခင်းများကို ကြည့်ရှုသည်။

၂၀၀၄-၂၀၀၅ခုနှစ်၌ ဇောင်းတူ ဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ပျိုးမှုလျာထားဧက ၁၅၈၂၀ ဖြစ်ပြီး စိုက်ပျိုးပြီးစီးမှုဧက ၇၂၀၀ဖြစ်ကြောင်းနှင့် ပဲခူးမြို့နယ်အတွင်း ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါးစိုက်ပျိုးမှု လျာထားဧက ၂၀၀၀၀ဖြစ်ကာ စိုက်ပျိုးပြီးစီးမှု ၁၆၀၉၆ဧက ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။(သတင်းစဉ်)



## အားပေးစကား ပြောကြား

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်း ထန်းတပင် မြို့နယ် ဇရပ်ကြီးကျေးရွာရှိ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လူနာများကို အားပေးစကား ပြောကြားစဉ်။**

(သတင်းစဉ်)

# နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ပြပွဲခင်းကျင်းပြသရန် တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများ ပြင်ဆင်မွမ်းမံလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ခင်းကျင်းပြသရန် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ပြခန်းများကို ပြင်ဆင်မွမ်းမံလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနပြခန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနပြခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်းများ အပါအဝင် ဝန်ကြီးဌာနပြခန်းများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ပြခန်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ပြခန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ပြခန်း အပါအဝင် တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးရုံးပြခန်းများနှင့် နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်းတို့ကို ယနေ့နံနက်ပိုင်းတွင် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်မွမ်းမံလျက်ရှိရာ တာဝန်ရှိသူများက ကြပ်မတ် စစ်ဆေးကြသည်။ (သတင်းစဉ်)

## အဘိဓမ္မာသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ အဘိဓမ္မာသင်တန်းများကို ဖေဖော်ဝါရီ ၁၉ရက်(စနေနေ့)မွန်းလွဲ၁နာရီမှ စတင်ဖွင့်လှစ်မည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် မြန်မာစံတော်ချိန် ၁၂နာရီ ၀၆မိနစ် ၀၄စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင် ၁၀၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၉အဆင့်ရှိ အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

# အမျိုးသားညီလာခံ စုံညီအစည်းအဝေး ပြန်လည် စတင်ကျင်းပ ညီလာခံကိုယ်စားလှယ် တက်ရောက်မှုရာခိုင်နှုန်း ၉၉ဒသမ၄၄ ရှိ သံတမန်များ၊ ပြည်တွင်း၊ပြည်ပသတင်းထောက်များ တက်ရောက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

**ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး ဟူသည့် အမျိုးသားညီလာခံ ဦးတည်ချက်များဖြင့် ၂၀၀၄ခုနှစ် မေ ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပခဲ့ပြီး ခေတ္တရပ်နားခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်၍ စတင်ကျင်းပသည်။**

**တက်ရောက်**

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✧

# နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာကါပါဂဲလ် အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ မကြာမီကာလ အတွင်း တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည် ဖြစ်သည်။**

(သတင်းစဉ်)





**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အဖွင့်မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများချမှတ်နိုင်ရေး အမျိုးသားညီလာခံ ဦးတည်ချက် (၆)ရပ်ဘောင်အတွင်းမှ ဆွေးနွေးညှိနှိုင်းဖော်ထုတ် ကိုယ်စားလှယ်များ ညီလာခံကြီးကို စိတ်ချမ်းမြေ့ပျော်ရွှင်စွာ တက်ရောက်နိုင်ရေး ဖြည့်ဆည်းပေးထား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

**အမျိုးသားညီလာခံ အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

ယနေ့ အမျိုးသားညီလာခံ အစည်းအဝေးကို တက်ရောက်လာကြသည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❍

ကြေးမုံ The Mirror

**ခေါင်းကြီး၊ဆောင်းပါး အညွှန်း**

* ***အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အနာဂတ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ရေရှည်အာမခံနိုင်မည့်အပြင် တိုင်းရင်းသားလူမျိုးအားလုံး၏အကျိုးစီးပွားကို ညီညွတ်မျှတစွာဖော်ဆောင်ပေးနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံရမည့်မူများကို ဆွေးနွေးချမှတ်နေခြင်းဖြစ်သည်။***

*ခေါင်းကြီး (စာမျက်နှာ–၂)*

* ***"ဤသံလွင်မြစ်ကူးမော်လမြိုင်တံတားကြီး တည်ဆောက်နိုင်ခြင်းသည် အခြေခံအားဖြင့် စည်းလုံးညီညွတ်မှုအင်အား၊ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအင်အားတို့ရှိ၍ဖြစ်ရာ ယင်းအင်အားနှစ်ရပ်ကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်ထိန်းသိမ်းနိုင်ရမှာဖြစ်ကြောင်း"***

*ဦးဇော်၏ ဆောင်းပါး (စာမျက်နှာ–၆)*